ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့၊ (25-12-2015) (၈၄၂၅)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ခရစ်တော်မွေးနေ့အကြို လာရောက်မေတ္တာပို့ဆုတောင်း ကောင်းချီးပေး

နေပြည်တော် ဒီဇင်ဘာ ၂၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များဓမ္မတေးအဖွဲ့က ယနေ့ ည ၇ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ဆုတောင်းကောင်းချီးပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁



နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များဓမ္မတေးအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာ

စာမျက်နှာ - ၂

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်တံတားလေးစင်း တစ်ပြိုင်တည်းဖွင့်လှစ်

စာမျက်နှာ - ၅

ကန်ဒေါ်လာ ၁၅ သန်းတန် ကွန်ကရစ်စက်ရုံ မြန်မာ-ဂျပန် ပူးတွဲတည်ဆောက်မည်

စာမျက်နှာ - ၉



## ပြည်တွင်းရေးရာ

●ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်ရေယာဉ်များ တည်ဆောက်ရာတွင် ရေယာဉ်အမျိုးအစားလိုက် ရည်မှန်းချက်တာဝန်များကို ပီပြင်စွာ ထမ်းဆောင်နိုင်ရေးဆောင်ရွက်ရန်၊ သင်္ဘောလွန်းကျင်းများကို အဆင့်မြှင့်တင်သွားရန်၊ Commercial နှင့် ပတ်သက်၍လည်း လေ့လာသုတေသန ပြုမှုများဆောင်ရွက်ရန်နှင့် မြန်မာ့ပိုင်နက်ပင်လယ်ကို အပြည့်အဝ ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်ရေယာဉ် တည်ဆောက်ပြုပြင်မှုဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်သင်္ဘောကျင်း ဌာနချုပ်အတွင်းရှိ တည်ဆောက်ဆဲဖြစ်သော ကမ်းလွန်ကင်းလှည့် ရေယာဉ်နှင့် ကော်ဗက်စစ်ရေယာဉ်တည်ဆောက်နေမှု၊ရေယာဉ်များလွန်းတင်ပြင်ဆင်မှု၊ ကိုယ်ထည် တပ်ဆင်တွဲဆက်သည့် အလုပ်ရုံတိုးချဲ့မှုနှင့် ရေယာဉ်ပုံစံငယ် စမ်းသပ်ကန် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သန်လျင်တပ်နယ် အမှတ်(၃) ရေတပ်ဆိပ်ခံ တံတား၌ (၆၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်မိုးအောင်က တပ်တော်ဝင် အခမ်းအနားနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံသို့ စစ်ရေယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြု ပေးအပ်သည်။

၎င်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာရာ နိုင်ငံတော်သီချင်းတီးခတ်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်း၊နိုင်ငံတော်အလံလွှင့်တင်ခြင်း၊တပ်မတော်(ရေ)အလံလွှင့်တင်ခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ကမ်းထိုးရေယာဉ်များ၊ ပင်လယ်သွားဆေးရုံရေယာဉ်-သံလွင်နှင့် စစ်ရေယာဉ်-ဆင်ဖြူရှင်တို့အား လှည့်လည်ကြည့်ရှုကြရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့များက ကြိုဆိုအလေးပြုပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်ရေယာဉ်မှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် ဆင်ဖြူရှင်ပေါ်ရှိ အလေးပြုခံစင်မြင့်ပေါ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။**(အပေါ်ယာပုံ)** ထိုအချိန်တွင် စစ်ရေယာဉ်-ရန်တိုင်းအောင်ကလည်း အမြောက် ၁၉ ချက်ပစ်ဖောက်၍ ဂုဏ်ပြုအလေးပြုသည်။ ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ်-အမြန်သွား တိုက်ခိုက်ရေးရေယာဉ်(ဒုံးပျံ) အမြန်သွားတိုက်ခိုက်ရေးရေယာဉ်(အမြောက်) စုစုပေါင်းရှစ်စင်းတို့က Single Line Formation ပုံပြမောင်းနှင်၍ချီတက် အလေးပြုကြသည်။





ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုထားသော ပထမဆုံး ကျည်ဆန်အား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက် အလေးပြုခဲ့သောစစ်ရေယာဉ်များမှ ဗျူဟာစစ်ရေယာဉ်စုမှူး ဗိုလ်မှူးကြီး နိုင်မင်းကျော်နှင့် တပ်တော်ဝင် စစ်ရေယာဉ်များမှ စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး အောင်မျိုးလှိုင်တို့အား ဂုဏ်ပြုလက်ဆောင်များအား လည်းကောင်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်မြင့်ဦးအား ဂုဏ်ပြုလက်ဆောင်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများအားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်(ရေ)၏ (၆၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ တပ်မတော် (ရေ)မှ ကိုယ်တိုင်တည်ဆောက်ခဲ့သည့် ခေတ်မီအဆင့်မြင့် ဖရီးဂိတ်စစ်ရေယာဉ်-ဆင်ဖြူရှင်နှင့် တပ်မတော်သမိုင်းတွင် ယခင်ကမရှိသေးသည့် ပင်လယ်သွားဆေးရုံစစ်ရေယာဉ်-သံလွင်တို့အား တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(ရေ)၏ သမိုင်း၊ တပ်မတော်၏ သမိုင်းနှင့် နိုင်ငံတော်သမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ်-ဆင်ဖြူရှင်အား ယခင်တည်ဆောက်ခဲ့ပြီးဖြစ်သည့် စစ်ရေယာဉ်-အောင်ဇေယျနှင့် ကျန်စစ်သားတို့အား တည်ဆောက်ခဲ့မှုအတွေ့အကြုံများပေါ်တွင်မူတည်၍ တတိယမြောက် အကောင်းဆုံး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူပင်လယ်သွားဆေးရုံ ရေယာဉ်-သံလွင်အား တပ်တော်ဝင်နိုင်ခြင်းကြောင့် ကမ်းရိုးတမ်းဒေသတစ်လျှောက်တွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအား အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက တပ်မတော်သားမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော် (ရေ)၏ ရည်မှန်းချက်ဖြစ်သော "မြန်မာ့ပင်လယ် ဒို့ကာကွယ်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စောင့်ရှောက်ကာကွယ်နိုင်ရမည်ဖြစ်ကြောင်း၊ ယခင်ဆယ်စုနှစ်အတွင်း ယိုပေါက်များစွာ ရှိခဲ့သော်လည်း တဖြည်းဖြည်းပြုပြင်ပြောင်းလဲတည်ဆောက်ခဲ့ခြင်းကြောင့် ပြီးပြည့်စုံမှု မရှိသေးသော်လည်း အတိုင်းအတာတစ်ခုအထိ စောင့်ရှောက်ကာကွယ်နိုင်ပြီဖြစ်ရာ ဆက်လက်ကြိုးစား လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း၊ စစ်ရေယာဉ်များ၏ စွမ်းပကားကို မြှင့်တင်ရာတွင် ရေယာဉ်၏ ဒီဇိုင်းပုံစံအခြေခံကို မပြောင်းဘဲတပ်ဆင်ထားသည့် စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ လက်နက်စနစ်စသည်တို့ကို ပြောင်းလဲ၍ လိုအပ်သော Performance ရရှိအောင် ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များအပေါ် အခြေခံ၍ ပြီးပြည့်စုံအောင်ပြောင်းလဲ ဆောင်ရွက်ခြင်းတို့အား လုပ်ဆောင်နိုင်ကြောင်း၊ မိမိလုပ်ကိုင်နိုင်သည့် စွမ်းပကားနှင့် ကိုယ်တိုင်တီထွင်ကြံဆလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် အနေဖြင့် တိုတောင်းသည့် ကာလအတွင်း စစ်ရေယာဉ် အစင်း ၃၀ ကျော် တည်ဆောက်နိုင်သကဲ့သို့ အဆင့်မြင့်စစ်ရေယာဉ်များကိုပါ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ယင်းမှာတပ်မတော်(ရေ) အရာရှိ၊စစ်သည်များ၏ အင်ဂျင်နီယာစွမ်းပကားနှင့် စွမ်းဆောင်ရည်မြင့်မားမှု၊ တီထွင်ကြံဆနိုင်မှုတို့ကြောင့်ဖြစ်ကြောင်း၊ ၎င်းတို့ကို ပြည့်စုံစွာ အသုံးချနိုင်ပါက ယခုထက်ပို၍ အစွမ်းထက်မြက်သည့် ရေတပ်ဖွဲ့ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ကာကွယ်ရေးလုပ်ငန်းဆိုသည်မှာ အချိန်ယူ၍ကြိုတင်ပြင်ဆင်လုပ်ကိုင်ရကြောင်း၊ နောင်အနာဂတ်တွင် Blue Water Navy ဖြစ်သည်အထိ ကြိုတင်ပြင်ဆင်မှုများနှင့် တာဝန်ရှိသူများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြသူများ တစိုက်မတ်မတ် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းကြောင့် တပ်မတော်(ရေ)အတွက် တပ်မတော်နှင့်နိုင်ငံတော်က ဂုဏ်ယူပါကြောင်း၊ ထိုသို့ တပ်တော်ဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တပ်မတော်(ရေ)မှ အရာရှိ၊အရာခံ၊အကြပ်၊ စစ်သည်အားလုံးကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊စစ်သည်၊မိသားစုများနှင့်စစ်ရေယာဉ် တည်ဆောက်စဉ်က ပါဝင်ခဲ့သည့် တပ်မတော်(ရေ)မှ အငြိမ်းစားအရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် (၆၈)နှစ်မြောက် တပ်မတော်(ရေ)နေ့ အထိမ်းအမှတ်ပြခန်းများနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ကျင်းပသော (၆၈)နှစ်မြောက်တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဒုံးပျံတင်ဖရီးဂိတ် စစ်ရေယာဉ်တစ်စင်း၊ ပင်လယ်သွားဆေးရုံရေယာဉ်တစ်စင်းနှင့် တင့်ကားတင်ကမ်းထိုးရေယာဉ် ခြောက်စင်းတို့ တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် ဒုံးပျံတင် ဖရီးဂိတ် စစ်ရေယာဉ်များအား ၂၀၀၅ခုနှစ်မှစတင်၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ စစ်ရေယာဉ် အောင်ဇေယျအား ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ စစ်ရေယာဉ် ကျန်စစ်သားအား ၂၀၁၄ခုနှစ်တွင်လည်းကောင်း တပ်တော်ဝင်ခဲ့ပြီးဖြစ်သည်။

ယခုတတိယ စစ်ရေယာဉ်ဖြစ်သည့် စစ်ရေယာဉ် ဆင်ဖြူရှင်အား ၂၀၁၀ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခင်တည်ဆောက်ပြီး ဖရီးဂိတ်စစ်ရေယာဉ်များနှင့် အခြေခံပုံစံတူညီသော်လည်း ရေဒါပုံရိပ်ဖမ်းယူရရှိမှုကို ပိုမိုလျှော့ချနိုင်သည့် ကိုယ်ပျောက်နည်းပညာဒီဇိုင်း အသုံးပြုထားပြီး ပိုမိုစွမ်းအားမြင့်မားသည့် စစ်လက်နက်ပစ္စည်းများ ထပ်မံဖြည့်ဆည်း တပ်ဆင်ထားသော အလျား ၁၀၈ မီတာ၊ တန်ချိန် ၁၈၅၀ ရှိသည့် အဆင့်မြင့်ခေတ်မီဒုံးပျံတင် ဖရီးဂိတ်စစ်ရေယာဉ်ဖြစ်သည်။

အလားတူ ၂၉မီတာ ကမ်းထိုးရေယာဉ် ခြောက်စင်းကိုလည်း ၂၀၁၅ ခုနှစ် မတ်လမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်၏စစ်ဆင်ရေးများတွင် များစွာအထောက်အကူပြုနိုင်သည့်တင့်ကားတင် ကမ်းထိုးရေယာဉ်များအဖြစ် ထိရောက်စွာ အသုံးပြု နိုင်မည်ဖြစ်သည်။

ယင်းသို့ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခြင်းကြောင့် ပြည်ပနိုင်ငံများမှ ဝယ်ယူခြင်းထက် ကုန်ကျစရိတ်များစွာသက်သာခြင်း၊ မိမိအရာရှိ၊ စစ်သည်များအတွက် အဖိုးမဖြတ်နိုင်သော ရေယာဉ်ဒီဇိုင်းပြုလုပ်တည်ဆောက်မှု နည်းပညာအတွေ့အကြုံများရရှိခြင်း၊ တပ်မတော်(ရေ)၏ မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေး စွမ်းပကားတိုးမြှင့်ရာတွင် များစွာအထောက်အကူရရှိခြင်း အကျိုးကျေးဇူးများ ရရှိစေသည်။

ပင်လယ်သွားဆေးရုံရေယာဉ်-သံလွင်ကို ၂၀၁၃ခုနှစ်တွင် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ လွှဲပြောင်းရယူပြီး အဆင့်မြင့်ဆေးရုံရေယာဉ်အဖြစ် အသွင်ပြောင်းလဲ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးရုံရေယာဉ် သံလွင်တွင် ၂၅ ခုတင်ဆံ့အဆင့်မြင့် ဆေးရုံတစ်ခုနှင့် ညီမျှသည့် CT Scan Room၊ Minor Eye Operation Room၊ Minor Operation Theatreနှင့် Major Operation Theatre တို့ပါဝင်ပြီး ဆေးရုံတက်ရောက် ကုသနိုင်ရန် လူနာဆောင် (Patient Room)၊ မေ့ဆေးစက်၊ အသက်ရှူအားကူစက်များ ပါဝင်သော အထူးကြပ်မတ်ကုသဆောင်တို့လည်း ပါဝင်သည်။

ထို့ပြင် တယ်လီဗီွးရှင်း ဓာတ်မှန်ရိုက်စက်၊ သွေးအတွင်းရောဂါရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်း စမ်းသပ်စက်များ၊အောက်ဆီဂျင်ထုတ်လုပ်သော အထိုင်စက်နှင့် ဆေးရုံသုံးစွန့်ပစ် ပစ္စည်းများဖျက်ဆီးရန်စက်များပါရှိသည်။ သားဖွား၊ မီးယပ်လူနာများကိုလည်း ကုသပေးနိုင်ကာ သားဖွားခန်းတစ်ခန်းပါရှိပြီး မွေးကင်းစကလေး အသားဝါကုသခြင်းကိုလည်း ပြုလုပ်နိုင်သည်။ သွားဘက်ဆိုင်ရာရောဂါများ ကုသနိုင်ရန်အတွက် Dental Chair and Unit အပြည့်အစုံ၊ခေတ်မီဓာတ်ခွဲခန်းတို့ပါရှိသည်။ဆေးရုံရေယာဉ်တွင် လူနာများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေး ဓာတ်လှေကားစနစ်ကိုလည်း တပ်ဆင်ထားသည်။

ပင်လယ်သွားဆေးရုံရေယာဉ်သံလွင်အား တပ်တော်ဝင်နိုင်ခြင်းကြောင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူလူထုအား တပ်မတော်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့လည်း အမြန်ဆုံးသွားရောက်၍ အဆင့်ဆင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။

(၆၈)နှစ်မြောက်တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ အရဲဆွမ်းကပ်လှူပြီး သန်လျင်တပ်နယ်ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ စစ်ရေးပြ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ( ၂၂ ) လုံခြုံရေးရဲတပ်ဖွဲ့ခွဲက (၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းသည့် အစီအစဉ်ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပရာ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးထွန်းမြင့်ထွန်းဦးစီးပြီး အမှတ်(၄)တပ်ခွဲရှိ တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းခြင်းမပြုမီ တပ်ဖွဲ့ဝင်များအား အချိုရည်တစ်ဘူး၊ ကြက်ဥတစ်လုံးစီတိုက်ကျွေး၍ သွေးလှူဒါန်းပြီးနောက် Ranferon-12 အားဆေး ၁၀ လုံးပါ တစ်ကတ်စီ၊ ဓာတ်ဆားနှစ်ထုပ်စီ၊ ကြက်ဥ ၁၀ လုံးစီတို့ကို ထောက်ပံ့ပေးခဲ့ကြသည်။ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲသည် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်သွေးလိုအပ်မှုရှိပါက အချိန်မရွေးဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များ ကြော်ငြာထားရှိပြီး ယခုနှစ်အတွင်း လစဉ်ပုံမှန် သွေးလှူဒါန်းခြင်းနှင့် အရေးပေါ်လိုအပ်ချက်အရ သွေလှူဒါန်းပေးခြင်းများအပါအဝင် စုစုပေါင်း သွေးပုလင်း ၃၄၆ ပုလင်း လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့ည ၆ နာရီ ၁၀ မိနစ်ခန့်က နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမှာ လောပိတလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစနစ်မှ လုပ်ငန်းသဘာဝခေတ္တဆိုင်းငံ့ခြင်းသာဖြစ်ပြီး ပြတ်တောက်မှုကြာမြင့်ချိန် တစ်နာရီခန့်သာ ကြာမြင့်ခဲ့ပြီး နိုင်ငံတစ်ဝန်းသို့ လျှပ်စစ်ဓာတ်အား ပုံမှန်အတိုင်းပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဆော်ဒီအာရေဗျ၌ ဆေးရုံတစ်ရုံမီးလောင်၊ လူ ၂၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ





**ရီယဒ် ဒီဇင်ဘာ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ ၂၄ ရက် နံနက်အစောပိုင်းက ဆေးရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွားရာ လူ ၂၅ ဦးသေဆုံးပြီး ၁၀၇ ဦး ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း ဆော်ဒီအာရေဗျ မြို့ပြကာကွယ်ရေးဌာနက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားခဲ့ရာ နေရာမှာ ဂျာဇန်အထွေထွေရောဂါကုဆေးရုံ၏ ပထမထပ်ရှိ အထူးကြပ်မတ်ကုသဆောင်နှင့် မိခင်လူနာကုသရေးအဆောင်တို့တွင် ဖြစ်ကြောင်း ဂျာဇန်ခရိုင်မြို့ပြ ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားကြောင်း ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၀ မိနစ်တွင် မြို့ပြကာကွယ်ရေးဌာနအား သတိပေးမှုပြုလုပ်ခဲ့သည်။ မီးသတ်တပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့၊ ကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များ အပါအဝင် အဖွဲ့ပေါင်း ၂၁ ဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့ကြောင်း မြို့ပြကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆေးရုံ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများကို ခရိုင်တွင်းရှိ ပုဂ္ဂလိကနှင့် ပြည်သူ့ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

---

# ဆီးရီးယားသို့ ကန်ဒေါ်လာ ၆ ဒသမ ၁၈ သန်း တရုတ်ကူညီမည်

**ပေကျင်း ဒီဇင်ဘာ ၂၄**

တရုတ်နိုင်ငံက ဆီးရီးယားနိုင်ငံသို့ ယွမ် သန်း ၄၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၈ သန်း) တန်ကြေးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါအကူအညီပေးမည့် ကြေညာချက်မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရီနှင့် တရုတ်နိုင်ငံ၌ ဒီဇင်ဘာ ၂၆ ရက်ထိ နေထိုင်မည့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုလမ်နှင့် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ "ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် တရုတ်နိုင်ငံက ဆီးရီးယားနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဆွေးနွေးမှုကို ဆက်လက်မြှင့်တင်မှာဖြစ်ပြီးတော့ ဆီးရီးယားနိုင်ငံကို လူသားချင်းစာနာထောက်ထားရေးအကူအညီတွေ အတတ်နိုင်ဆုံး ပံ့ပိုးပေးမှာဖြစ်ပါတယ်" ဟု အယ်လ်မိုလမ်နှင့်အတူ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း ဝမ်ကပြောကြားသည်။

တရုတ်နှင့်ဆီးရီးယားနိုင်ငံများက နိုင်ငံရေးဖြေရှင်းမှုတစ်ရပ်မြှင့်တင်မှုနှင့် ပတ်သက်၍ အလေးအနက်ထား ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂ၏ စေ့စပ်ဖျန်ဖြေရေးကြိုးပမ်းမှုနှင့် ဆီးရီးယားနိုင်ငံသားများအနေဖြင့် မိမိတို့၏အနာဂတ်အပေါ် ဆုံးဖြတ်ချက်ချမှတ်မှုနှင့်ပတ်သက်၍ ပံ့ပိုးကူညီရန် ထပ်လောင်းဆွေးနွေးခဲ့ကြောင်း ဝမ်ကဆိုသည်။

နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးစလုံးက အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးအတွက် ပံ့ပိုးကူညီရန် ပြောဆိုခဲ့ကြပြီး အယ်လ်မိုလမ်က အကြမ်းဖက်ဝါဒအား ငွေကြေးထောက်ပံ့မှုကို ပိတ်ပင်တားဆီးရန်နှင့် ဆီးရီးယားနိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများဝင်ရောက်မှုကို ရပ်တန့်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မေတ္တာရပ်ခံလိုက်သည်။

**ဆင်ဟွာ။**

---

# ချုပ်ခါတ်အားပေးစက်ရုံ တည်ဆောက်ရေး အဆိုပြုချက် ဘင်္ဂလားဒေ့ရှ် အစိုးရ ထောက်ခံအတည်ပြု

**ဒါကာ ဒီဇင်ဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၄၀၀ ထုတ်လုပ်ပေးနိုင်မည့် နျူကလီးယားစက်ရုံတစ်ရုံတည်ဆောက်ရေးအတွက် စီမံကိန်းဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို ဝန်ကြီးအဖွဲ့က ဒီဇင်ဘာ ၂၄ ရက်တွင် အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘဏ္ဍာရေးဝန်ကြီး အေအမ်အေမူဟာစ် သဘာပတိအဖြစ်ဆောင်ရွက်သော ဝန်ကြီးအဖွဲ့ဝယ်ယူရေးဆိုင်ရာကော်မတီအစည်းအဝေးတွင် အထက်ပါအတိုင်းအတည်ပြုခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နျူကလီးယားစက်ရုံတည်ဆောက်ရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ၆၅ဘီလီယံကျခံ သုံးစွဲရမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာအနောက်ဘက် ၂၁၆ ကီလိုမီတာအကွာ ပါသနာခရိုင်၌ ရူပူးနျူကလီးယားဓာတ်အားပေးစက်ရုံကိုတည်ဆောက်ရန် စီမံကိန်းအဆိုပြုလွှာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်ထက်နောက်မကျဘဲ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀၀ ထုတ်လုပ်ရန် ဝန်ကြီးချုပ်ရှိတ်ဟာစီနာ၏ အစိုးရအဖွဲ့က အစီအစဉ်ရေးဆွဲထားသည်။

နျူကလီးယားဓာတ်အားပေးစက်ရုံ စီမံကိန်းသည် နိုင်ငံတော်၏ စီမံကိန်းများအနက် ငွေကြေးရင်းနှီးမြှုပ်နှံမှု အများဆုံး စီမံကိန်းတစ်ရပ် ဖြစ်မည်ဖြစ်ကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့် ပတ်သက်၍ ရုရှားအစိုးရနှင့် ကနဦးသဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း အစိုးရအဖွဲ့က ဒီဇင်ဘာ၁၅ရက်တွင် ပြောကြားခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

---

# ရုရှားလုပ် တီ-၉၀ အမျိုးအစား သံချပ်ကာကားများ အီရန် တပ်မတော်အတွက် ထောက်ပံ့ပေးမည်



**တီဟီရန် ဒီဇင်ဘာ ၂၄**

အီရန်တပ်မတော်အတွက် ရုရှားလုပ် တီ-၉၀ အမျိုးအစားတိုက်ခိုက်ရေး သံချပ်ကာကားများကို မကြာမီ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာအထက်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

ရုရှားလုပ် သံချပ်ကာကားများ ဝယ်ယူရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အီရန်တပ်မတော်အတွက် တိုက်ခိုက်ရေးယာဉ်များ မကြာမီရရှိမည်ဖြစ်ကြောင်း အီရန်တပ်မတော်ဗိုလ်မှူးချုပ် အာမက်ရီဇာ ပါဒန်စတန်က ပြောကြား သည်။ အီရန်နိုင်ငံသည် တီ-၇၂ အမျိုးအစားသံချပ်ကာကားများကို ထုတ်လုပ်လျက်ရှိသော်လည်း ရုရှားလုပ် တီ-၉၀ အမျိုးအစားသံချပ်ကာကားများက နည်းပညာအရ ပိုမိုအဆင့်မြင့်ကြောင်း တပ်မှူးကြီးက ပြောကြားသည်။

ရုရှားနိုင်ငံသည် အီရန်နိုင်ငံသို့ ဒုံးကျည်များရောင်းချပေးရန်လည်း စီစဉ်လျက်ရှိသည်။ ယခုနှစ်ကုန်ထက်နောက်မကျဘဲ ရုရှားလုပ် အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်များကို လွှဲပြောင်းပေးအပ်မည်ဟု ရုရှားသမ္မတ၏လက်ထောက်တစ်ဦးက ပြောကြားခဲ့သည်။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့်သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံအား အက်စ်-၃၀၀ ဒုံးကျည်စနစ်များ ရောင်းချပေးမှု ပိတ်ပင်ထားချက်ကို သမ္မတဗလာဒီမာပူတင်က ဧပြီလ အစောပိုင်းတွင် ပယ်ဖျက်ပေးခဲ့သည်။

**ဆင်ဟွာ။**

---

# နှစ်သစ်ကူးအခါသမယတွင် နိုင်ငံခြားရေးဝန်ကြီးအား တောင်ကိုရီးယားနိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် စေလွှတ်



**တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျပန် နိုင်ငံခြားရေး ဝန်ကြီးတို့ နှုတ်ဆက်စဉ်။**

**တိုကျို ဒီဇင်ဘာ ၂၄**

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်က တောင်ကိုရီးယား အမျိုးသမီးများအား လိင်ကျေးကျွန်များအဖြစ် ပြုမူခဲ့ခြင်းနှင့်ပတ်သက်ပြီး တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံအကြား သဘောတူညီမှုတစ်ရပ် ရရှိရန်ရည်ရွယ်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား နှစ်သစ်ကူး အခါသမယတွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ စေလွှတ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်အာဘေးက နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါအား တောင်ကိုရီးယားနိုင်ငံသို့ ယနေ့ စေလွှတ်ခဲ့သည်။ နှစ်နိုင်ငံအစိုးရအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင် ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်းသိရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်က တောင်ကိုရီးယား အမျိုးသမီးများအား လိင်ကျေးကျွန်များအဖြစ် ပြုမူခဲ့ခြင်းသည် ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုကို ဆိုးရွားစွာ ထိခိုက်လျက်ရှိသည်။

နိုဝင်ဘာလတွင် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးနှင့် ဂျပန်ဝန်ကြီးချုပ် အာဘေးတို့သည် ပထမအကြိမ်တွေ့ဆုံပြီး အဆိုပါကိစ္စရပ်ကို စောစီးစွာအဆုံးသတ်နိုင်ရေး ဆွေးနွေးကြရန် သဘောတူညီခဲ့ကြသည်။ ထိုအချိန်မှစပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူများက အစည်းအဝေးများ မကြာခဏကျင်းပခဲ့ပြီး အဆိုပါကိစ္စရပ်ကို ဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယား သမ္မတ ပတ်ဂွန်ဟေးကို အသရေဖျက်မှုဖြင့် ဖမ်းဆီးထားသော ဂျပန်သတင်းထောက်တစ်ဦးအား တောင်ကိုရီးယားတရားရုံးက အမှုမှတရားသေလွှတ်ပေးခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် တောင်ကိုရီးယားနိုင်ငံအနေဖြင့် စိတ်ဝင်စားမှုရှိကြောင်း ပြသခဲ့သည်ဟု ဂျပန်ပြည်သူများက ယူဆကြသည်။

လာမည့် အစည်းအဝေးပွဲတွင် အဆိုပါကိစ္စကို အပြီးသတ် ဆွေးနွေးနိုင်လိမ့်မည်ဟု လေ့လာသုံးသပ်သူများက ရှုမြင်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို မတ် ၂၄ရက်မှ ဧပြီ ၆ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက် (ကြာသပတေးနေ့)မှ တပေါင်းလပြည့်ကျော် ၁၀ရက် (စနေနေ့)အထိ (၂၀၁၆ ခုနှစ် မတ် ၂၄ ရက်မှ ဧပြီ ၂ ရက်)အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် (ကြာသပတေးနေ့)မှ တပေါင်းလပြည့်ကျော် ၁၄ရက် (ဗုဒ္ဓဟူးနေ့) (၂၀၁၆ ခုနှစ် မတ် ၃၁ရက်မှ ဧပြီ ၆ ရက်)အထိလည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများကျင်းပမည့်အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဆက်ကပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၁၇၄ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်နှစ်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ၁၀ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၆ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၇ပါး၊ မဟာဝိဒူအောင်လေးပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ရက် [၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်] (အင်္ဂါနေ့ )မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆပ်ကပ်ပင့်ဆောင်ပြီးဖြစ်ရာ ပင့်စာများ အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်ကျောင်းတော်ကြီးရှိ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ(ယာယီရုံးခွဲ)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဒီဇင်ဘာ ၂၄

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးစိန်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးမြင့်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) | ဦးစိုးသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ဆက်သွယ်ရေးနှင့်သတင်း<br>အချက်အလက်<br>နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ဆက်သွယ်ရေးနှင့်သတင်း<br>အချက်အလက်<br>နည်းပညာဝန်ကြီးဌာန |
| (၄) | ဒေါ်နွဲ့နွဲ့ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီး<br>ဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

**(သတင်းစဉ်)**

# မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲအတွဲ ၃၄၇တွဲ (တန်ဖိုးအားဖြင့် ကျပ်သန်း ၄၂၀၀ကျော်) ရောင်းချခဲ့ရ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၃၄) ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့သည် ရောင်းချပွဲ နောက်ဆုံးနေ့ဖြစ်ပြီး ပုလဲအတွဲ ၂၅၄ တွဲမှ ၃၇၆ တွဲကို မွန်းတည့်၁၂ နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။

ယနေ့တွင် အတွဲ ၁၂၃တွဲ ရောင်းချခဲ့ရပြီး ယခုအကြိမ် မြန်မာ့ပုလဲရောင်းချပွဲတွင် စုစုပေါင်း အတွဲ ၃၄၇တွဲ (တန်ဖိုးအားဖြင့် ကျပ်သန်း ၄၂၀၀ကျော်) ရောင်းချခဲ့ရကြောင်း သိရသည်။

ယခုလ ၂၂ ရက်မှ ၂၄ ရက်ထိ သုံးရက်တာ မြန်မာ့ပုလဲရောင်းချပွဲတွင် မြန်မာကျပ်ငွေဖြင့် ပုလဲအတွဲ ၁ မှ ပုလဲအတွဲ ၃၇၆ အထိ ပုလဲအတွဲပေါင်း ၃၇၆ တွဲမှပုလဲအလုံးပေါင်း ၂၃၂၈၆၂ လုံး တင်ပြရောင်းချခဲ့သည်။

**(သတင်းစဉ်)**




# အသေးစားရေအားလျှပ်စစ်စီမံကိန်းအတွက် Exchange Letter လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထောက်ပံ့ငွေယွမ်သန်း၅၀ဖြင့် အသေးစား ကညင်ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား Exchange Letter လက်မှတ်ရေးထိုးခြင်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်ခွဲရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ညွှန်ကြားရေးမှူးရုံး၌ ဒီဇင်ဘာ ၂၄ ရက်ကကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စားလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အပြန်အလှန်လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ Exchange Letter လက်မှတ်ရေးထိုးရခြင်းမှာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံ၌ အကောင်အထည်ဖော်တပ်ဆင်မည့် တပ်ဆင်အင်အား ငါးမဂ္ဂါဝပ်ရှိ အသေးစားရေအားလျှပ်စစ်စီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ငွေယွမ် သန်း ၅၀ အကူအညီပေးအပ်မည့် နှစ်နိုင်ငံသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ဆောင်မည့် ကညင်ရေလှောင်တမံစီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်မှစတင်ကာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်ကညင်ရေလှောင်တမံစီမံကိန်းကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**(စိုးဝင်း-MLA)**

❖❖❖

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်တံတားလေးစင်း တစ်ပြိုင်တည်းဖွင့်လှစ်

**ပူတာအို ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမကြီးပေါ်ရှိ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇၅၆ ဒသမ ၈ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁)က တာဝန်ယူဆောက်လုပ်ပြီးစီးသည့်တံတားအရှည်ပေ ၅၇၀ ရှိတံတားအမှတ် (၁/ ၂၁၁) မူလာရှီးဒီ သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဒီဇင်ဘာ၂၃ ရက်နံနက် ၉ နာရီတွင် ယင်းတံတားတည်ဆောက်ရေး စီမံကိန်းမြေနေရာ မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးဝါလီဆီက တံတားလေးစင်းဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်၊ ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်အောင်နှင့် တံတားဦးစီး ဌာန အင်ဂျင်နီယာချုပ်(တံတား) ဦးဇော်ဝင်းမြင့်တို့က တံတားအမှတ် (၁/ ၂၁၁) မူလာရှီးဒီတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မူလာရှီးဒီတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဒုတိယဝန်ကြီးနှင့် အဖွဲ့များသည် တံတားပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

အလားတူ ပြည်ထောင်စုရန်ပုံငွေကျပ် ၉၇၅ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ပြီးစီးသည့် လုံးစွတ်တံတား တံတားအမှတ် (၁/၂၁၈) တံတားအရှည် ၁၉၅ ပေရှိသံကူကွန်ကရစ်တံတားကို နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁၃၀ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ပြီးစီးသည့် တံတားအမှတ် (၂/၁၉၃)တံတားအရှည်ပေ ၃၃၀ရှိ တန်ဂျာ(၂)တံတားနှင့်ပြည်ထောင်စုရန်ပုံငွေကျပ် ၈၅၀ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ပြီးစီးသည့် တံတားအမှတ် (၁/ ၁၉၃)တံတားအရှည်ပေ ၂၄၀ရှိ တန်ဂျာ(၁)တံတားတို့ကို နံနက် ၁၀ နာရီတွင် လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမကြီးပေါ်ရှိ တံတားလေးစင်းဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေလာမည့်အပြင် ပူတာအိုခရိုင်အတွင်းသို့ကုန်စည်စီးဆင်းမှု ယခင်ကထက်မြန်ဆန်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ သောက်သုံးရေကန်တိုးချဲ့တူးဖော်

**သုံးခွ ဒီဇင်ဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု ကျောင်းစုပတုပ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ကျေးလက်ဒေသများတွင် သောက်သုံးရေဖူလုံစွာရရှိစေရန်နှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် သောက်သုံးရေကန် တိုးချဲ့တူးဖော်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဒီဇင်ဘာ ၂၂ ရက်တွင် သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၂၀)**

# ရှေ့နေနှင့် အမှုသည်

ဦးဟန်ညွန့်(ဥပဒေ)

ပြီးခဲ့သည့်အပတ်က ရှေ့နေနှင့်သက်သေအကြောင်း တင်ပြခဲ့သည်။ ယခုအပတ်တွင် ရှေ့နေနှင့် အမှုသည် အကြောင်းဆွေးနွေးတင်ပြပါရစေ။

**အမှုနိုင်မှာလား**

ရှေ့နေနှင့်အမှုသည် တွေ့တွေ့ချင်း အမှုသည်၏ ပထမဆုံးမေးခွန်းမှာ "ဆရာ့ကိုအပ်ရင် ဒီအမှုက နိုင်မှာလား"ဟူသည့် မေးခွန်းပါပဲ။ ခက်ပြီ။ "ကျွန်တော် တရားသူကြီးမဟုတ်ဘူး။ ရှေ့နေဗျ ရှေ့နေ။ အမှုနိုင်၊ မနိုင်ဆိုတာ တရားသူကြီးကလွဲရင် ဘယ်သူမှ မသိဘူး" ဟု ဘုတောတောသည့်အဖြေကို ပေးလိုက်ရပါတော့သည်။ အားမနာနိုင်တော့ပါ။ မှန်တာပြောလိုက်၍ စိတ်ဆိုးသွားလျှင်လည်း မတတ်နိုင်တော့ပါ။

**ဘာကြောင့်မေးတာလဲ**

အမှုသည်ဆိုသည်မှာ အမှုဖြစ်နေသူ၊ တစ်နည်းအားဖြင့် အပူသည်၊ အမှုသည် မဟုတ်လား။ ထို့ကြောင့်လည်း အမှုနိုင်ဖို့က သူ့အတွက် အရေးကြီးသည်။ နိုင်မှဖြစ်မည်။ ရှုံး၍မဖြစ်။ ထို့ကြောင့် **"နိုင်မှာလား"** ဟု မေးခြင်းက အဓိကကျသည်။ သောကတောက်လောင်နေသူ၊ ထွက်ပေါက်ရှာနေသူ၊ ရှေ့နေအားကိုးနှင့် အမှုနိုင်ချင်သူကိုး။

**နိုင်လျှင် ဘယ်လောက်ပေးမည်**

"ဒီအမှုနိုင်အောင်သာ လုပ်ပေး။ နိုင်လျှင်လိုချင်သလောက် ငွေပေးမည်၊ ဘာပေးမည်၊ ညာပေးမည်" ဟု ငွေဂုဏ်မောက်သော အမှုသည်များကိုလည်း တွေ့ဖူးသည်။ ငွေပေးရင် ဘာမဆိုဖြစ်သည်။ ငွေများတရားနိုင်မဟုတ်လား။ ရှေ့နေကြီး စဉ်းစား. . . ။

**လောင်းကြေးစားကြေး**

အလောင်းအစားမက်သော ရှေ့နေအချို့လည်း ရှိတတ်ပါသည်။ ဒီအမှုနိုင်စေရမယ်။ လောင်းကြေးထပ်ပါ။ ဘယ်လောက်ပေးပါ။ မုချနိုင်မှာပါ။ ဟိုလူ၊ ဒီလူတော့ ဒီလို လုပ်ရမယ်။ သဘောတူသလား။ သဘောတူသည်။ အမှုသည်နှင့် ရှေ့နေ၊ ရှေ့နေနှင့် အမှုသည်၊ "စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ်။ ငွေပုံပေါ်မှာ ကစားမယ်"ဟူသော ဇာတ်လမ်းများလည်း ရှိသည်။

> **"ရှေ့နေ"သည် ကျင့်ဝတ်ရှိရမည်။ သိက္ခာရှိရမည်။ ကျင့်ဝတ်ကို စောင့်စည်းရမည်။ စောင့်စည်းခြင်းကြောင့် အပြစ်မရှိ။ အစွပ်အစွဲကင်း၏။ အေးမြ၏။ ချမ်းသာ၏။ ဂုဏ်သတင်းကျော်စော၏။ ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင် ဖြစ်**

ကြားဖူးသည်။ နိုင်သူလည်း ရှိမည်။ ရှုံးသူလည်း ရှိမည်။ ရှေ့နေလောက၊ အမှုသည်လောက။ "ဩ"ချလောက်ပေသည်။

**တရားသူကြီးကတော့ ဘာမှန်းမသိ**

ရှေ့နေနှင့် အမှုသည်အကြား စကားသစ္စာထားသည်များကို စစ်ဆေးမည့် တရားသူကြီးကတော့ ဘာမှန်းမသိ။ အမှုသည်နှင့် ရှေ့နေတို့သည် တရားသူကြီးနှင့် အဆက်အသွယ်တကယ်ရှိသလား။ တကယ်မရှိဘူးလား။ တရားသူကြီးကိုယ်တိုင် ပါဝင်ပတ်သက်နေသလား။ တရားခွင်စာရေးကရော ရောထွေးပါဝင်နေသေးသလား။ အမယ်ဘုတ်ကယ့်သူ့ချည်ခင်ဘယ်သူဝင်၍ ရှင်းမည်လဲ။

**ရှေ့နေခ**

ရှေ့နေခ(အကျိုးဆောင်ခ)ကို ရှင်းရှင်းလင်းလင်း ပြောသင့်သည်။ "ဆရာ့ကျေးဇူး မမေ့ပါဘူး" ဟု ဆိုကာ ဟိုလိုလို၊ ဒီလိုလိုနှင့် စကားများတတ်သည်။ အချို့ရှေ့နေများက ပြေစာအတိအကျဖြင့် ရှေ့နေခ လက်ခံကြသည်။ စာရင်းဇယားဖြင့် မှတ်တမ်းတင်ကြသည်။ ရှင်းသည်။ အားနာရန်မသင့်။ ချင့်ချင့်ချိန်ချိန်။

**ညဏ်ပူဇော်ခ**

ညဏ်ပူဇော်ခ (Consultant Fees)ကိစ္စ စကားမများကြစေချင်ပါ။ ရှေ့နေထံမှ ဥပဒေအကြံဉာဏ်တောင်းသည်။ တစ်နာရီမည်မျှ အခကြေးငွေကျသင့်သည်။ သတ်မှတ်ချက်ရှိသည်။ တွေ့တွေ့ချင်း ရှင်းအောင်မေးပါ။ မေးမြန်းတိုင်ပင်ပြီးမှ အခကြေးငွေ မည်မျှပေးရမည်ဆိုသည့်အခါ နည်းသည်၊ များသည်ဖြစ်ကုန်ကြသည်။ ထုံးတမ်းစဉ်လာဖောက်ဖျက်ပြီး ညဏ်ပူဇော်ခ မပေးချင်သူ (အမှုသည်အချို့)လည်း ရှိတတ်စမြဲ။ ဆင်းရဲသူအမှုသည်ကျတော့ တစ်မျိုးစဉ်းစားပါ။ ပြဿနာကြုံဖူးသည်များ ဒုနှင့်ဒေးရှိသည်။ ဆောင်သင့်၊ ရှောင်သင့်သည်။

**လာဘ်ပေးရန်တောင်းခံခြင်း**

ရှေ့နေခအပြင် မည်သူမည်ဝါအား "လာဘ်ပေးရန်" ဟုဆိုကာ ပြောဆိုတောင်းခံတတ်သော ရှေ့နေအချို့ရှိနိုင်သည်။ ပြစ်မှုဖြစ်သည်။ အတွေ့အကြုံရှိသည်။ စီရင်ထုံးရှိသည်။ သတိပြုကြပါ။

**ရုံးချိန်းပျက်သောရှေ့နေ**

အမှုသည် အားကိုး၍ ငှားသည့်အတွက် ရှေ့နေလိုက်ခြင်းဖြစ်သည်။ တန်ရာတန်ဖိုး၊ ရှေ့နေခလည်းကျေနပ်အောင်ရပြီးပြီ။ သို့သော်ငြား မအား၍၊ နေမကောင်း၍၊ ခရီးလွန်၍ အကြောင်းအမျိုးမျိုးပြကာ ရုံးချိန်းမလာ။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမက။ ထိုအခါ အမှုသည် နစ်နာသည်။ ရှေ့နေကိုယ်စားလှယ်လွှဲစာ ပြန်ရုပ်သင့်က ရုပ်ပေးသင့်သည်။ အမှုလိုက်ခ(ရှေ့နေခ)ကျတော့ ယူသည်။ ကိုယ့်တာဝန်တော့ ကိုယ်မကျေ။ ထိုအခါ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသည့်အဖြစ်။ ရှေ့နေလောက နာမည်ပျက်ရမည့် အဖြစ်သနစ် မဖြစ်စေလို။

**အမှုပွားအောင်လုပ်ခြင်း**

တစ်မှုက နှစ်မှု၊ နှစ်မှုက သုံးမှု အမှုပွားအောင် တမင်တကာ မလုပ်သင့်ပါ။ ရှေ့နေက အမှုသည်အား မြှောက်မပေးသင့်။ အမှုသည်ကလည်း ရှေ့နေကို အပူမကပ်သင့်ပါ။ အမှုသံသရာ ချာချာလည်ပေရော့မည်။ မပြီးဆုံးသော ဇာတ်လမ်းများ၊ မှတ်တမ်းများပေတည်း။

**တစ်ဖက်အမှုသည်သို့ ပေါက်ကြားခြင်း**

ကိုယ့်အမှုသည်အပေါ်မှာ သစ္စာရှိပါ။ ကိုယ့်အမှုသည်၏အကြောင်းကို ဆန့်ကျင်ဘက်(တစ်ဖက်အမှုသည်)သို့ မပြောရပါ။ မပေါက်ကြားရပါ။ ကတိသစ္စာတည်ရပါမည်။ နှစ်ဖက်ခွစားသည်ဟု အထင်မခံနိုင်ပါ။ ရှေ့နေကျင့်ဝတ်စောင့်ကြပါ။

**အကျင့်သိက္ခာနှင့် ပြည့်စုံခြင်း**

ရှေ့နေရှေ့ရပ်ဟူသည် အကျင့်သိက္ခာနှင့်ပြည့်စုံသူတွေဖြစ်ကြပါသည်။ ဥပဒေပညာဖြင့် မှန်ကန်တိကျ၊ သစ္စာကတိတည်သူ၊ အမှုသည်အကျိုးအတွက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်သူ ဖြစ်ပေသည်။

**ကျင့်ဝတ်သိက္ခာစာတမ်း**

တရားရုံးချုပ်ရှေ့နေများကောင်စီက ပြုစုထုတ်ဝေထားသော **"ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ"** စာတမ်းသည် အလုပ်လမ်းညွှန်ဖြစ်ပါပေသည်။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ ကျင့်ထုံးများကိုကား အထူးညွှန်းဆိုရန်ပင် မလိုတော့ပြီ။ ရှေ့နေအိုကြီးများ၏ သွန်သင်ဆုံးမမှုများကိုလည်း ထာဝစဉ် ဆည်းကပ်ပွားများအပ်ပြီး လူငယ်ရှေ့နေများသည်ကား သိစရာ၊ တတ်စရာ၊ သင်စရာတွေ များလှပေသည်။ စာရေးသူလည်း လေ့လာဆဲ။ အနှစ်လေးဆယ်ကျော် ဥပဒေအတွေ့အကြုံလေးကို "မပြည့်စုံသေး"ဟု ခံယူလျက်ပါ။ တရားဥပဒေပင်လယ်ပြင်ကြီးအား ကူးခတ်ဆဲပါ။ လူငယ်ရှေ့နေတွေ အတုယူစရာရှိက ယူကြပါ။ အတွေ့အကြုံများသူများကိုတော့ မိကျောင်းမင်းရေခင်းမပြပါ။

**လင်ကွန်း၏မှာကြားချက်**

အမေရိကန်သမ္မတကြီး အေဗရာဟမ်လင်ကွန်း (ABRAHAM LINCOLN)၏ ရှေ့နေများသို့ မှာကြားချက်ကို တစ်နေ့က Facebook မှာ ဖတ်လိုက်ရသည်။ မှတ်သားစရာကောင်းလွန်း၍ ရှေ့နေပေါက်စ (စာရေးသူ၏သား) အထက်တန်းရှေ့နေအား ကူးယူထားခိုင်းသည်။ မှတ်စုတွင် ကူးယူပြီး လူငယ်ရှေ့နေများအတွက် ဖြန့်ဝေပါသည်။ လမ်းညွှန်ဗဟုသုတဖြစ်စေချင်ပါသည်။ ရှုပါ။

**"အေဗရာဟမ်လင်ကွန်း၏ ဂက်တီစဘတ်နှင့် အခြားသမိုင်းဝင်မိန့်ခွန်းများ**
**ABRAHAM LINCOLN;**
**THE GETTYSBURG ADDRESS AND OTHER SPEECHES- စာအုပ်မှ ကောက်နုတ်ဖော်ပြချက်**
**၁၈၅၀ ပြည့်နှစ် ဇူလိုင်(၁)ရက် ဝန်းကျင်**

"ကျွန်ုပ်သည် ပြည့်စုံအောင်မြင်လှသော ရှေ့နေတစ်ဦးမဟုတ်ပါ။ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် မအောင်မြင်မှုများရှိသည့်နည်းတူ အတန်အသင့် အောင်မြင်မှုများရှိခဲ့သည်။ အများက ရှေ့နေ (Lawyer) ဟု ခေါ်တွင်ခြင်းခံနေရသူတစ်ဦးအတွက် အဓိကနည်းဥပဒေတစ်ရပ်မှာ လုံ့လဝီရိယကြီးမားမှုဖြစ်ပါသည်"

"ယနေ့လုပ်လျှင် ပြီးနိုင်သည့်အလုပ်ကို မနက်ဖြန်အထိချန်မထားပါနှင့်။ စာရွက်စာတမ်းပေးပို့မှု နောက်မကျပါစေနှင့်။ လက်ထဲတွင် ရောက်လာသည့်အလုပ်ကို မဖြစ်မနေပြီးအောင်လုပ်ပါ။ တရားစွဲရန်ရှိလျှင် အချက်အလက်ပြည့်စုံနေပါက တရားဝင်ကြေညာချက်ကို ချက်ချင်းရေးချလိုက်ပါ။ ဥပဒေကိုးကားစရာများရှိနေပါက ဥပဒေစာအုပ်များတွင် ရှာကြည့်ပါ။ အားပြုလောက်သည့် အချက်ကို မှတ်သားထားပါ။ ထုချေရန်၊ လျှောက်လဲရန် ရှိလျှင်လည်း ထိုအတိုင်း လုပ်ဆောင်ပါ။ စာကြမ်းများကို ကြိုတင်ရေးထားပါ။ ကျန်ရစ်ခြင်း၊ မေ့လျော့ခြင်းမျိုး မဖြစ်ပေါ်စေနိုင်ပါ။"

**အလွန်နုံချာသော**

လင်ကွန်းသည် အမေရိကန်ပြည်ထောင်စု၏ ၁၆ ဦးမြောက် သမ္မတကြီးဖြစ်သည်။ တောရွာလေးတစ်ရွာမှ အလွန်နုံချာသော သစ်လုံးအိမ်ကလေးမှာ မွေးဖွားခဲ့သည်။ ငယ်စဉ်က အလွန်ဆင်းရဲသည်။ မီးခွက်၊ ဖယောင်းတိုင်မတတ်နိုင်၍ မီးလင်းဖိုနံဘေးတွင် စာရေး၊ စာဖတ်ရသည်။ ပျဉ်ချပ်ပေါ်တွင် ထင်း၊ မီးသွေးဖြင့် စာရေးလေ့ကျင့်ခဲ့ရသည်။ အလုပ်မျိုးစုံလုပ်ခဲ့ရသည်။ ၁၈၃၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲအောင်သည်။ ၁၈၄၈ မှ ၁၈၅၄ ခုနှစ်အတွင်း ရှေ့နေလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ခဲ့သည်။

**(ဇင်ဟန်ဇော် ဘာသာပြန်သည့် လင်ကွန်း၏ ဂက်တီစဘယ်နှင့် အခြားသမိုင်းဝင် မိန့်ခွန်းများ)**

**ရိုးသားမှုမရှိလျှင် မရွေးချယ်နှင့်**

"ရှေ့နေများသည် သေချာပေါက် မရိုးမဖြောင့်သူများဖြစ်သည်ဟု ပြောချင်နေကြပါသည်။ လူအများက ရှေ့နေများအပေါ် မည်မျှလောက်အထိ ယုံကြည်စိတ်ထားရှိပြီး တန်ဖိုးထားကြောင်း မသိနိုင်၍ **"ပြောချင်နေကြပါသည်"**ဟု သုံးနှုန်းလိုက်ရပါသည်။ သို့ရာတွင် ရှေ့နေများသည် မရိုးသားကြဟု အများကလက်ခံယုံကြည်ထားကြပါသည်။ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးလိုသူ လူငယ်များအနေနှင့် ရိုးသားမှုမရှိလျှင် ရှေ့နေအလုပ်ကို မရွေးချယ်ကြပါနှင့်။ မိမိကိုယ်မိမိ ရိုးရိုးဖြောင့်ဖြောင့်နေနိုင်အောင်ကြိုးစားပါ။ လူယုတ်မာတစ်ဦးဖြစ်လာရန် ရှေ့နေလုပ်ငန်းကို မရွေးပါနှင့်။ အခြားအလုပ်အကိုင်တစ်ခုရှာဖွေလုပ်ကိုင်စေလိုပါသည်"---တဲ့။

**အမေရိကန်ရှေ့နေဖြစ်သော်ငြား**

လင်ကွန်းသည် အမေရိကန်သမ္မတကြီး အမေရိကန်ရှေ့နေကြီးဖြစ်သော်ငြား (မြန်မာလူမျိုးမဟုတ်သော်ငြား) မြန်မာလူငယ်ရှေ့နေများအတွက်တော့ မှတ်သားစရာ၊ အတုယူစရာ၊ အားကျဖွယ်ရာ၊ လေးစားဖွယ်ရာဖြစ်မည်ဟု စာရေးသူယုံကြည်သည်။ မြန်မာရှေ့နေအိုကြီးများ၏ သမိုင်းဝင်မှတ်သားဖွယ် အဆိုအမိန့်၊ လမ်းညွှန်ချက်၊ လျှောက်လဲချက် နမူနာများကိုလည်း စာရေးသူ(စုဆောင်းမှတ်သားမိသမျှ) အလျဉ်းသင့်သလို လက်ဆင့်ကမ်းပါဦးမည်။ ရေးသားတင်ဆက်ပါဦးမည်။ သမ္မတကြီး လင်ကွန်းတို့လို (ရှေ့နေကြီး လင်ကွန်းတို့လို) ကမ္ဘာကျော်ဥပဒေပညာရှင်ကြီးများ၏ အဆိုအမိန့်များကို (စာရေးသူနှင့်အတူ) လူငယ်ရှေ့နေများ လေ့လာကြဦးစို့။ ရှာဖွေကြဦးစို့။ သုတေသနပြုကြဦးစို့။

**အစွပ်အစွဲကင်းခြင်း**

"ရှေ့နေ"သည် ကျင့်ဝတ်ရှိရမည်။ သိက္ခာရှိရမည်။ ကျင့်ဝတ်ကိုစောင့်စည်းရမည်၊ စောင့်စည်းခြင်းကြောင့် အပြစ်မရှိ။ အစွပ်အစွဲကင်း၏။ အေးမြ၏။ ချမ်းသာ၏။ ဂုဏ်သတင်းကျော်စော၏။ ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင်ဖြစ်ပေ၏။ စာရေးသူဉာဏ်မီသမျှ အကြံပြုခြင်းသာဖြစ်ပါ၏။

**အမှုသည်အမျိုးမျိုး၏ဆန္ဒ**

အမှုအမျိုးမျိုးရှိသည်။ ထို့ကြောင့် အမှုသည် အမျိုးမျိုးရှိမည်။ အမှုသည်အမျိုးမျိုး၏ ဆန္ဒအမျိုးမျိုးလည်း ရှိမည်။ သူတို့ဆန္ဒရှိသမျှ ရှေ့နေက လုပ်ပေး၍မရ။ တရားဥပဒေဘောင်ကို ကျော်၍မရ။ **အမှန်ကို အမှား မလုပ်သင့်။ အမှားကို အမှန်မလုပ်သင့်။** စောင့်စည်းသင့်သည်။ မှားသွားလျှင်လည်း ဝန်ခံတတ်ရမည်။ မှားပြီးရင်း မှားဆိုလျှင် အမှန်တရားနှင့် ဝေးသည်ထက်ဝေး. . . ။ ဆေးကု၍ မရနိုင်ပြီ။ အပြစ်မြင်၍မဟုတ်။ သင်ခန်းစာထုတ်ခြင်းမျှသာ. . . ။

**တင်ပြချက်**

(၁)ရှေ့နေက ရှေ့နေအလုပ်လုပ်။

(၂) အမှုသည်က အမှုသည်တာဝန်ကျေ။

(၃) ဤသို့ဆိုလျှင် "တရားဥပဒေ၏ အလင်းရောင်" ဖြာဖြာဝေပေရော့မည်. . . ။ ။

# သေခြင်းကင်းသည့်ရွှေမြို့တော်ဟုတင်စားကြသည့် အမရပူရမြို့သို့ နေ့စဉ် ခရီးသွားဧည့်သည်များစွာ လာရောက်လေ့လာ

မန္တလေး ဒီဇင်ဘာ ၂၄

အမရပူရမြို့သည် ရှေးဟောင်းသမိုင်းအမွေအနှစ် အဆောက်အအုံများဖြင့် စိတ်ဝင်စားစရာကောင်းပြီး နေ့စဉ် ခရီးသွားဧည့်သည်များစွာ လာရောက်လေ့လာလျက် ရှိသည်။ နာမည်ကျော်ဦးပိန်တံတားနှင့်အတူ သမိုင်းဝင်ကြီးလေးကြီးဖြစ်သည့် ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ တောင်မင်းကြီး၊ ကျောက်တော်ကြီးဘုရားတို့ကို အဓိကသွားရောက်လေ့လာကြကြောင်း သိရသည်။

အခြားလေ့လာစရာများအဖြစ် မြို့ထောင့်စေတီများ၊ ကျုံးတော်နန်းတော်ဟောင်းနေရာ၊ ဆင်များ ကျုံးသွင်းသည့်နေရာ၊ ဆင်ကြိုရွှေဂူဘုရားနှင့်အတူ ရှေးဟောင်းအဆောက်အအုံများ၊ နံရံဆေးရေးပန်းချီများ၊ စေတီများစွာတည်ရှိရာ သမိုင်းဝင်မြို့တော်ပင်ဖြစ်သည်။

အမရပူရမြို့သည် ရှေးပညာရှိတို့၏ အယူအဆအတိုင်း ဘုရားဗျာဒိတ်သိုက်စာဟောင်းနှင့်အညီ ထီးပေါင်းကားအရပ်၌ တည်ခဲ့သည်ဟု သိရသည်။

အမရပူရခေတ်တွင် ဗဒုံမင်းသည် နိုင်ငံတော်ကို စနစ်တကျရှိစေလိုသောကြောင့် စစ်တမ်းများကောက်ယူကာ မြို့ရွာအုပ်ချုပ်မှုကို စနစ်တကျထူထောင်ခဲ့သည်အထိ ခေတ်မီခဲ့သည်။ အမရပူရမင်းနေပြည်တော်သည် ဘကြီးတော်မင်းလက်ထက်သာမက ဘိုးတော်ဗဒုံမင်းလက်ထက်ကပင် နိုင်ငံခြားကုန်သည်များ၊ သံတမန်များ အဝင်အထွက်ရှိပြီး ခေတ်မီအထည်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ စတင် ဖွံ့ဖြိုးနေပြီဖြစ်ကြောင်း သိရသည်။

အမရပူရရပ်ကွက်ဝင်များသည် အမရပူရနန်းတော်ကို အမှီပြုကာ လုပ်ကိုင်ခဲ့ပြီး အလုပ်အကိုင် အစုအဝန်းအတိုင်း နာမည်ပေးထားတတ်သည်။ သို့အတွက် ပန်းပဲ၊ ကြေးသွန်း၊ လက်သမား စသည်ဖြင့် တည်ရှိသည်။

အမရပူရကို သေခြင်းကင်းသည့် ရွှေမြို့တော်ဟု တင်စားပြီး နန်းသက်အရှည်ဆုံးနှင့် နိုင်ငံဇရိယာကျယ်ဝန်းခဲ့သည်။ လက်ရှိကာလတွင် ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးကာ အမရပူရချိတ်အထည်များနှင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

# စီးပွားရေးတက္ကသိုလ် ရွှေရတုအလွန်မှသည် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးဆီသို့

သတင်း - ဆုနှင်းလဲ့၊ ဓာတ်ပုံ - ဌေးအောင်

၁၉၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သော စီးပွားရေးတက္ကသိုလ်ကြီးသည် ယခုဆိုလျှင် နှစ် ၅၀ ကျော်လွန်ခဲ့ပြီပင်ဖြစ်သည်။ ရွှေရတုအလွန် ၅၁ နှစ် ပြည့်မြောက်ပြီဖြစ်သော စီးပွားရေးတက္ကသိုလ်ကြီးမှမွေးထုတ်ပေးလိုက်သည့် စီးပွားရေးပညာရှင်များစွာ၊ ဘွဲ့ရများစွာ၊ နိုင်ငံ့ဝန်ထမ်းများစွာ၊ စီးပွားရေးလုပ်ငန်းရှင်များစွာ၊ နေရာကဏ္ဍအသီးသီးတို့တွင် ကျရာတာဝန်အသီးသီးတို့မှာ ထမ်းဆောင်နိုင်ခဲ့သူများအပြင် နိုင်ငံတကာတွင် ရောက်ရှိနေသူများလည်း များစွာပေါ်ထွန်းခဲ့ပြီပင်ဖြစ်သည်။

၂၀၁၄ ခုနှစ် စီးပွားရေးတက္ကသိုလ်တည်ထောင်ခြင်း ရွှေရတုအထိမ်းအမှတ်ပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ကျောင်းသား ကျောင်းသူဟောင်းများသာမက နိုင်ငံတကာသို့ ရောက်ရှိနေသူများပါ ကျောင်းတော်ကြီးသို့ ပြန်လာကာ ထူးခြားစည်ကားသည့် ရွှေရတုသဘင်အထိမ်းအမှတ်ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယခုနှစ်တွင် ရွှေရတုအလွန်ကာလဖြစ်သော်လည်း (၅၁)နှစ်မြောက် အခမ်းအနားနှင့် မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ ဦးဆောင်မှုဖြင့် (၂၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကြီးကို ယခင်နှစ်က ကဲ့သို့ပင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

ထိုသို့ကျင်းပဆောင်ရွက်သွားရာတွင် အဓိကဦးတည်ထားချက်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးကို နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထင်ရှားစွာပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတော်၏ တာဝန်များကို အရှိန်အဟုန်မပျက် ကျေပွန်စွာထမ်းဆောင်နိုင်ရန်ပင်ဖြစ်သည်။

အလားတူ စီးပွားရေးတက္ကသိုလ်၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူများ ပြန်လည်ရင်းနှီး ထိတွေ့ဆက်ဆံမှုများရရှိစေရန်၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်ထားကြောင်း သိရသည်။ အစဉ်အလာများရှိခဲ့သည့် စီးပွားရေးတက္ကသိုလ်ကြီး၏ (၅၁)နှစ်မြောက်အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲအခမ်းအနားနှင့် ပတ်သက်၍ မေးမြန်းခဲ့မှုများကို ပြန်လည်ဖော်ပြအပ်ပါသည်။

**ရန်ကုန် စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်**
**ဒေါက်တာဒေါ်ခင်နိုင်ဦး**

မေး။ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးရဲ့ သမိုင်းကြောင်းနဲ့ လက်ရှိအချိန်အထိ ဖွင့်လှစ်နေတဲ့ သင်တန်းတွေ၊ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပုံတွေကို ပြောပြပေးပါ။

ဖြေ။ ရန်ကုန်စီးပွားရေးတက္ကသိုလ် Yangon Institute of Economics ဆိုပြီးတော့ ၁၉၆၄ ခုနှစ် နိုဝင်ဘာ ၂ ရက်ကနေ စတင်ပြီးတော့ ထူထောင်ခဲ့တာဖြစ်ပါတယ်။ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာအေးလှိုင်က ပထမဦးဆုံး ပါမောက္ခချုပ်အဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီ (၅၁)နှစ်မှာ အဆင့်ဆင့်နဲ့ ကျွန်မက ၁၀ ယောက်မြောက် ပါမောက္ခချုပ်အဖြစ်နဲ့ ထမ်းဆောင်နေတာဖြစ်ပါတယ်။ ဒီကြားထဲကာလမှာ ကျွန်မတို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေနဲ့ နိုင်ငံတော်ရဲ့လိုအပ်တဲ့ လူသားအရင်းအမြစ်တွေကို များစွာမွေးထုတ်ပေးခဲ့တာဖြစ်ပါတယ်။

သာဓကအားဖြင့်ဆိုရင်တော့ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးနေရာတွေ၊ ပြည်သူ့လွှတ်တော် စသည်ဖြင့် ဒီလိုနေရာတွေမှာလည်း စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်တွေနဲ့ စီးပွားရေးတက္ကသိုလ်ဘွဲ့ရတွေဟာ အများကြီးပါဝင်ပြီး တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြတာပဲဖြစ်ပါတယ်။ ကျွန်မတို့ တက္ကသိုလ်အနေနဲ့တော့ ခေတ်အလိုက် ဆိုရှယ်လစ်ခေတ်မှာလည်း ဆိုရှယ်လစ် စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေရှိတဲ့ ပညာရပ်တွေကို သင်ပေးနေသလို အဲဒီအချိန်ကတည်းက ဈေးကွက်စီးပွားရေးစနစ်နဲ့ သိရမယ့် အချက်တွေနဲ့ သီအိုရီတွေကိုလည်း တက္ကသိုလ်တွေမှာ သင်ကြားပေးပါတယ်။

သာဓကအားဖြင့် ၁၉၉၅ ခုနှစ်မှာ Master of Business Administration လို့ခေါ်တဲ့ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ကို စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါကလည်း တိုင်းပြည်မှာ စီးပွားရေးကဏ္ဍတွေ ပြောင်းလဲလာတဲ့ အခါမှာပုဂ္ဂလိက စီးပွားရေးကဏ္ဍဟာ တိုင်းပြည်ရဲ့ စီးပွားရေးကို ဦးဆောင်ရမယ့် အနေအထားတွေရှိတော့ ဒီကဏ္ဍရဲ့အရေးပါမှုအရ ဒီကဏ္ဍကိုဦးဆောင်ပြီးတော့ ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးဖို့ဆိုပြီး ဒီပရိုဂရမ်တွေကို စတင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုပဲ ၂၀၀၀ ပြည့်နှစ်မှာ MPA, Public Administration နဲ့ Development Studies ပေါ့။ ဖွံ့ဖြိုးမှုဘာသာရပ်တွေ၊ မဟာဘွဲ့တွေကို ပေးအပ်ခဲ့ပါတယ်။ နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးဖို့လည်း လိုသလို တိုင်းပြည်ကို အုပ်ချုပ်မယ့် ယန္တရားမှာလည်း ကျွမ်းကျင်တဲ့သူတွေ ရှိဖို့လိုပါတယ်။ ဒါမှသာ တိုင်းပြည်က ဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်နိုင်မှာဖြစ်တယ်။



ဒေါက်တာဒေါ်ခင်နိုင်ဦး



ဦးတင်ဝင်းအောင်



ဦးတင်လှိုင်

အဲဒါနဲ့အတူပဲ ဒေသတွေရဲ့ဖွံ့ဖြိုး တိုးတက်ရေးတွေ၊ ပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်တွေ၊ ဒါတွေမှာလည်းပဲ NGO တွေက အများကြီး ရှေ့တန်းကိုရောက်လာတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေကို သိနားလည်ထားတဲ့သူတွေနဲ့အလုပ်လုပ်ရင် ပိုပြီးတော့ ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုပြီး ဒီလိုမျိုးဘာသာရပ်တွေကို ထည့်သွင်းပြီး ပို့ချလာပါတယ်။ အဲဒီအပြင် ဘွဲ့တွေကိုလည်း ထပ်တိုးပြီးတော့ ပေးလာပါတယ်။ ဒါနဲ့အတူပဲ အခု စီးပွားရေးစနစ်မှာ စီးပွားရေးကဏ္ဍတွေ ပြုပြင်ပြောင်းလဲလာတဲ့ ၂၀၁၂ ခုနှစ်ရဲ့ နောက်ပိုင်းမှာ ဘဏ္ဍာရေးအခန်းကဏ္ဍဟာလည်း အရေးကြီးလာသလို ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေကိုလည်း ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်လာတယ်။

အဲဒီကဏ္ဍမှာ လိုအပ်တဲ့ လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးဖို့ လိုအပ်တဲ့ အတွက် Master of Banking and Finance ကိုလည်းပဲ ဆောင်ရွက်ပေးလာတာရှိပါတယ်။ အဲဒီလိုပဲ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဌာနအောက်ကနေလည်း စီးပွားရေးကဏ္ဍတွေ၊ စာရင်းကိုင်ကဏ္ဍတွေ၊ စာရင်းကိုင်ပညာတွေအပြင် အခုနောက်ပိုင်းမှာ ကုမ္ပဏီတွေပေါ်လာတော့ Marketing ကလည်း အရေးကြီးလာတော့ ဒီပလိုမာတွေ၊ ဘယ်လုပ်ငန်းပဲလုပ်လုပ် သုတေသနတွေဟာ အရေးကြီးတော့ ဒါနဲ့ပတ်သက်ပြီး ဒီပလိုမာတန်းတွေကို ပေးလာသလို အာဆီယံအကြောင်းကို သိဖို့လိုအပ်တဲ့အတွက် အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးတော့ ဖွင့်လှစ်ပေးထားတာတွေ ရှိပါတယ်။ အခုနောက်ပိုင်းမှာ ကျောင်းသား ကျောင်းသူတွေကို အဆင့်မြင့်မြင့်နဲ့ နေထိုင်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးသလို နိုင်ငံတကာနဲ့လည်း ပူးပေါင်းပြီးတော့ မာစတာပရိုဂရမ်တွေ၊ ပညာတော်သင်တွေ၊ စကောလားရှစ်တွေ ဒါတွေကိုလည်းပဲ ကျောင်းသား ကျောင်းသူတွေကော၊ ဆရာဆရာမတွေကောကို လွှတ်ပြီးတော့ ပညာရေးပြုပြင်ပြောင်းလဲမှုအနေနဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ထားတာရှိပါတယ်။

နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ တက္ကသိုလ် ၂၉ ခုရှိပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ဘဏ်တွေ တော်တော်များများက စကောလားရှစ်ပေးထားပါတယ်။ ဂျပန်ကနေလည်းပဲ ကျောင်းသူလေးဦး စကောလားရှစ်ရပါတယ်။ ချင်းမိုင်တက္ကသိုလ်နဲ့ဆိုလည်း မာစတာပရိုဂရမ်တွေ ဖွင့်ထားသလို ဟိုမှာလည်းပဲသွားပြီးတက်ဖို့ ဂုဏ်ထူးတန်းက ကျောင်းသား ကျောင်းသူတွေ မာစတာဘွဲ့ယူဖို့တက်နေပါတယ်။ Ph.D ပရိုဂရမ်တွေကိုလည်းပဲ ဗန်ကောက်မှာ သွားတက်နေတဲ့ ဆရာ ဆရာမတွေလည်း ရှိပါတယ်။ နောက် COE သင်တန်းတွေကိုလည်းပဲ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**ဦးတင်ဝင်းအောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ**
**စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း)**

မေး။ ဆရာ့အနေနဲ့ မြန်မာနိုင်ငံစီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်းဖြစ်ပေါ်လာပုံအကြောင်း ပြောပြပေးပါ။

ဖြေ။ လက်ရှိ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ဥက္ကဋ္ဌအနေနဲ့ အသင်းအကြောင်း မိတ်ဆက်ပြောမယ်ဆိုရင် MIEGA-Myanmar Institute of Economics Graduate Association ပေါ့။ သာမန်အားဖြင့်တော့ တက္ကသိုလ်ဘွဲ့ရများအသင်းက ကျောင်းသားဟောင်းများ အသင်းပေါ့။ စတင်ပြီးတော့ တည်ထောင်ကတည်းက သာမန်မဟုတ်ဘဲနဲ့ စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူများအသင်းဖြစ်တဲ့အတွက် ဒီထက်ပိုတဲ့ရည်မှန်းချက်တွေထားပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

စီးပွားရေး တက္ကသိုလ်ဘွဲ့ရအသင်းကို စတင်တည်ထောင်ခဲ့စဉ် ယခင် လူဟောင်းတွေပါလာသလို ၂၀၁၄ စာသင်နှစ်မှာ ဘွဲ့ရခဲ့တဲ့ သူတွေအထိပါဝင်ပါတယ်။ ဒီ MIEGA အနေနဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်လုပ်ကိုင်ခဲ့တဲ့အတွက် ဒီအသင်းကြီးဟာ တော်တော်လေးကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖွဲ့စည်းဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရတွေဟာ အစိုးရဌာန၊ ဌာနဆိုင်ရာတွေမှာ အကြီးအကဲတွေအဖြစ် တာဝန်ယူရတာသာမက ပြင်ပစီးပွားရေးနယ်ပယ်တွေမှာလည်း အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအဖြစ် လူကြီးတွေရော၊ လူလတ်တွေရော၊ လူငယ်တွေရော အများကြီးရှိပါတယ်။ အဲဒီလို အားလုံး ပါဝင်သလို အားလုံးဝိုင်းဝန်းပြီးတော့ MIEGA လုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် ပံ့ပိုးကြပါတယ်။ အဲဒါကြောင့် ဒီအသင်းကြီးဟာ တစ်နှစ်ထက်တစ်နှစ် ကြီးမားကျယ်ပြန့်လာသလို လုပ်ငန်းတွေဟာလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆောင်ရွက်လုပ်ကိုင်လာတာ အခု ဆရာကန်တော့ပွဲတွေ လုပ်တယ်ဆိုတာက မြန်မာဗုဒ္ဓဘာသာထုံးစံနဲ့အညီ၊ မြန်မာ့ယဉ်ကျေးမှုစရိုက်နဲ့အညီ ဆရာ ဆရာမတွေကို ကန်တော့တယ်ဆိုတာကတော့ အသင်းတိုင်းက ဦးထိပ်ထားပြီး လုပ်ကြတာပေါ့။ ဒါကြောင့်မို့ ဆရာကန်တော့ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပတာ။

ဒါ့အပြင် MIEGA အနေနဲ့တခြားသော လုပ်ငန်းကိစ္စတွေကိုလည်း လုပ်ကိုင်ပါတယ်။ ပြပွဲတွေ ကျင်းပပေးတယ်။ ဘွဲ့ရတွေထဲကနေ စီးပွားရေးလုပ်ငန်းတွေကိုပြတဲ့ ပြပွဲမျိုးဖြစ်ပါတယ်။ အောင်မြင်ခဲ့ပါတယ်။ ဟောပြောပွဲတွေ၊ ဖိုရမ်တွေ၊ ဆွေးနွေးပွဲတွေ အခါအားလျော်စွာ ကျင်းပပေးတယ်။ တော်တော်များများကတော့ UMFCCI နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လုပ်ကိုင်တဲ့ Seminar တွေ လုပ်ခဲ့ပါတယ်။ အဲဒါအပြင် စီးပွားရေးပညာပေး စာစောင်အနေနဲ့ Eco Echo စာစောင်ကို နှစ်ပတ်တစ်ကြိမ် မှန်မှန်ထုတ်ဝေတယ်။ အဲဒါအပြင် ကျန်းမာရေးစောင့်ရှောက်မှု ကျန်းမာရေးရန်ပုံငွေကိုလည်း ထူထောင်ပြီးတော့ ပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။ MIEGA ရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဆရာကန်တော့ပွဲကိုတော့ မကြာခင် ဒီဇင်ဘာ ၂၇ ရက်မှာ ခါတိုင်းလိုပဲ သိုက်သိုက်ဝန်းဝန်းကျင်းပမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အလွန် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုပုံစံသစ်နဲ့ သွားနိုင်အောင်လို့ စီးပွားရေးပညာရှင်များက ဆွေးနွေးမယ့် Economic Forum တစ်ခုကိုလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်မှာ စီးပွားရေးတက္ကသိုလ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် တစ်နည်းအားဖြင့် မြန်မာနိုင်ငံက ခုန်ပျံကျော်လွှားရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် သမားရိုးကျ စီးပွားရေးဖွံ့ဖြိုးတဲ့ပုံစံမျိုးနဲ့မတူတဲ့ ကမ္ဘာ့အခြေအနေနဲ့ ကိုက်ညီပြီးတော့ Globalization နဲ့ မြန်မာဟာ ဘယ်လိုနည်းလမ်းမျိုးနဲ့ စီးပွားရေးတိုးတက်မှုလမ်းကြောင်းကို ပုံဖော်မယ်ဆိုရင် ခုန်ပျံကျော်လွှား တိုးတက်သွားနိုင်မလဲဆိုတာကို အားလုံးဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်တွေ ဖိတ်ခေါ်ထားပါတယ်။ အဲဒီဖိုရမ်ရဲ့ အသေးစိတ်ကတော့ နီးလာရင် အသေးစိတ်အစီအစဉ်တွေ ထုတ်ပြန်ကြေညာမှာ ဖြစ်ပါတယ်။

အရေးကြီးတာကတော့ ဒီဇင်ဘာ ၂၇ ရက် ဆရာကန်တော့ပွဲမှာ ဆရာတွေကိုလည်း ကန်တော့ရင်း ကျောင်းသားကျောင်းသူဟောင်းတွေ သူငယ်ချင်းတွေ ပြန်လည်ဆုံတွေ့တဲ့ Reunion ပုံစံဖြစ်အောင် စီးပွားရေးတက္ကသိုလ်မြက်ခင်းပြင်မှာ နိဗ္ဗာန်ဈေးလို အားလုံးအခမဲ့စားသောက်နိုင်မယ့် အစီအစဉ်တွေနဲ့ ကိုယ့်ကျောင်းရဲ့အရိပ်အာဝါသအောက်မှာ ဆရာတွေကို ကန်တော့ရင်း ၂၇ ရက်နေ့မှာ နွေးနွေးထွေးထွေး ပြန်လည်ဆုံတွေ့ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

**ဦးတင်လှိုင်( အထွေထွေအတွင်းရေးမှူး၊**
**မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း)**

မေး။ ဆရာ့အနေနဲ့ MIEGA ရဲ့ ဆောင်ရွက်နေမှုများကိုလည်း ပြောပြပေးပါ။

ဖြေ။ ကျွန်တော်က ၁၉၇၉ မှာ ဘွဲ့ရခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ အာစရိယပူဇော်ပွဲနဲ့ ပတ်သက်ပြီးတော့ စပြောပါမယ်။ ၁၉၉၄ ခုနှစ်မှာ ဆရာကြီး ဒေါက်တာသန်းညွန့် ပါမောက္ခချုပ်လက်ထက်ပေါ့။ မော်ကွန်းထိန်းဌာနမှူးများပါဝင်တဲ့အဖွဲ့နဲ့ စီးပွားရေးတက္ကသိုလ် ပုလဲရတုအခမ်းအနားမှာ ပထမဆုံးအကြိမ်အာစရိယပူဇော်ပွဲကို ကျင်းပခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကော်မတီတွေဖွဲ့ပါတယ်။ အသက် (၆၀)အထက် ရန်ကုန်၊ ရွာသာကြီး၊ မုံရွာ၊ မိတ္ထီလာ အဲဒီတက္ကသိုလ်များက ဆရာကြီး ဆရာမကြီးများအားလုံးကို ကန်တော့ပါတယ်။ ကဏ္ဍအသီးသီးအလိုက် ဆပ်ကော်မတီတွေဖွဲ့ပါတယ်။ ဟောပြောပွဲတွေ၊ ဖိုရမ်တွေ လုပ်ပါတယ်။ နောက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် MIEGA ရုံးခွဲတွေ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မန္တလေး၊ မုံရွာ၊ နေပြည်တော်၊ ပြင်ဦးလွင်၊ ပြီးခဲ့တဲ့အပတ်က မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

တစ်ဆက်တည်းပဲ MIEGA Health Care ဆိုတာ ဆရာကြီး ဆရာမကြီးတွေကို ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအတွက် ယခင်နှစ်တွေက တစ်သိန်းကန်တော့ပါတယ်။ အခုဆိုရင် နှစ်သိန်းကန်တော့ပါတယ်။ အဲဒီကော်မတီမှာတော့ ဦးကြည်လွင် (၁၉၇၉ ဘွဲ့ရ)က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဦးမြင့်လွင်ကတော့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ MIEGA အသင်းရဲ့ ဆောင်ပုဒ်ကတော့ “တို့စီးပွားပညာဖြင့် တို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်”ဖြစ်ပါတယ်။ အဓိကရည်မှန်းချက်လည်း ရှိပါတယ်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူတိုင်း မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းဝင် ဖြစ်ရမယ်။ ဒါမှ ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန်၊ စီးပွားရေးဘွဲ့ရသူများအချင်းချင်း ပြန်လည်ရင်းနှီးထိတွေ့ဆက်ဆံမှုများရရှိစေရန်၊ အဖွဲ့ဝင်များရဲ့ သာရေး၊ နာရေး၊ လူမှုရေး လိုအပ်ချက်များမှာ ပါဝင်ကူညီဆောင်ရွက်ရန် ဆိုပြီးတော့ အသင်းရဲ့လှုပ်ရှားမှုများ ဖြစ်ပါတယ်။

မနှစ်ကဆိုရင် ရွှေရတုပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပသွားပါတယ်။ အဲဒီမှာ ဝိုင်းကူကြတဲ့ စီးပွားရေးတက္ကသိုလ်ဆင်းလုပ်ငန်းရှင်တွေ၊ ပြင်ပကဘဏ်တွေ၊ လုပ်ငန်းရှင်တွေ အများကြီး ကူညီကြပါတယ်။ ခင်မင်ကျွမ်းချစ်ခဲ့ရတဲ့ ငယ်သူငယ်ချင်းတွေနဲ့ ပြန်လည်ဆုံတွေ့ကြရတဲ့အချိန်ဟာ ကြည်နူးပျော်ရွှင်မှုတွေရဲ့ နွေးထွေးသော အထွတ်အထိပ်ပီတိဖြစ်တာကြောင့် လာမယ့် ၂၇ ရက် နေ့မှာ ကျင်းပမယ့် အာစရိယပူဇော်ပွဲကြီးကို မြန်မာတစ်ပြည်လုံး၊ နိုင်ငံရပ်ခြားက သူငယ်ချင်းများပါမကျန် Reunion ဖြစ်အောင် ဆုံစည်းကြပါစို့လို့ ပြောချင်ပါတယ်။

## ပြည်တွင်းရေးရာ

### ❀ နိုင်ငံတော်သမ္မတမှ

ဆုတောင်းပွဲတွင် နော်တာဟေညောနှင့် ဦးလင်းထက်ထက်ဦးတို့ ဦးဆောင်သည့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က နှုတ်ခွန်းဆက်သပြီး ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ ဆုတောင်းကောင်းချီးပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ သိက္ခာတော်ရဆရာ စောဒိုးဒိုဝါးက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးသည်။

ထို့အတူ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောရွှေလင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သိက္ခာတော်ရဆရာ စောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ဆုတောင်းစကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့အား ဓမ္မတေးအဖွဲ့မှ ကလေးငယ်တစ်ဦးက ခရစ္စမတ်လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံလမ်းရှိ ဧမာနွေလဘုရားကျောင်းနှင့် AYA Bank တို့တွင် ခရစ္စမတ်အကြို ရောင်စုံမီးများ ထွန်းညှိထားသည်ကို ဒီဇင်ဘာ ၂၄ ရက် ညက တွေ့ရစဉ်။ (ဓာတ်ပုံ - ဌေးအောင်)**



**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ စိန့်အန်ထော်နီဘုရားကျောင်း၌ ခရစ္စမတ်အကြို ရောင်စုံမီးများ ထွန်းညှိထားသည်ကို ဒီဇင်ဘာ ၂၄ ရက် ညက တွေ့ရစဉ်။(ဓာတ်ပုံ - ဌေးအောင်)**

# ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းအား ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းသို့ ရောက်ရှိရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက သင်တန်းကျောင်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းကျောင်းတည်ထောင်ထားရှိမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချမှုနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းရှိ စာသင်ခန်းမ၊ ကွန်ပျူတာလက်တွေ့သင်ကြားလေ့ကျင့်မှုခန်းမ၊ သင်တန်းသားများအိပ်ဆောင်၊ ထမင်းစားဆောင်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ပြည်တွင်းရေးရာ

# စိန့်မေရီကက်သလစ်ဘုရားကျောင်းတွင် ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၁၅ ခုနှစ် ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်များကို ရန်ကုန်မြို့ စိန့်မေရီကက်သလစ်ဘုရားကျောင်း၌ ဒီဇင်ဘာ ၂၄၊ ၂၅၊ ၃၁ ရက်နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့တွင် ကျင်းပသွားမည်ဟု သိရသည်။

ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီမှ စတင်ကာ ခရစ္စမတ်သတင်းဝေငှခြင်းနှင့် တေးသံသာများသီဆိုခြင်း အပြီးတွင် မစ္ဆာတရားတော်မြတ်ပူဇော်ခြင်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီ၊ နံနက် ၈ နာရီနှင့် ညနေ ၅ နာရီတို့တွင် မစ္ဆာတရားပူဇော်ခြင်းကို လည်းကောင်း၊ ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီတွင် ကျေးဇူးတင် မစ္ဆာတရားတော်မြတ်ပူဇော်ခြင်း၊ အပြစ်ဒဏ်ဆပ်ဖြေခြင်း၊ ကိုယ်တော်မြတ်ကောင်းချီးမင်္ဂလာခံယူခြင်းနှင့် ည ၁၂ နာရီတွင် နှစ်သစ်ကို ကြိုဆိုသော မစ္ဆာတရားတော်မြတ် ပူဇော်ခြင်းကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီနှင့် ညနေ ၅ နာရီတွင် မစ္ဆာတရားတော်မြတ် ပူဇော်ခြင်းကို လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

"အဓိကကတော့ ခရစ္စမတ်နေ့ဆိုတာ ကိုယ့်ရဲ့ဘဝထဲမှာ ကျူးလွန်ခဲ့တဲ့ အပြစ်အမှားတွေအတွက် ခွင့်လွှတ်ဖို့ ဝန်ချတောင်းပန်ရင်းနဲ့ မိမိတို့ စိတ်နှလုံးသားတွေကို ဖြူစင်အောင်ထားပြီး ခရစ်တော်ကို ချစ်ခြင်းမေတ္တာအပြည့်နဲ့ ကြိုဆိုတာပါ။ ကျွန်တော်တို့ သမ္မာကျမ်းစာဖော်ပြချက်အရ ဒီဇင်ဘာ ၂၄ ရက် ညသန်းခေါင်ယံအချိန်မှာ ကယ်တင်ရှင်ဟာ နွားတင်းကုပ်မှာ ဆင်းဆင်းရဲရဲနဲ့ မွေးဖွားခြင်းကို ခံယူခဲ့တယ်လို့ ဖော်ပြပါရှိတယ်။ ကျွန်တော်တို့လည်း ကယ်တင်ရှင်မွေးဖွားတဲ့နေ့ကို သေချာမသိပေမယ့် ယုံကြည်ချက်အတိုင်း ဒီဇင်ဘာ ၂၄ ရက် သန်းခေါင်ချိန်မှာ အတူတကွဝတ်ပြုဆုတောင်းမှုတွေ ပြုလုပ်ကြသလို ဒီဇင်ဘာ ၂၅ ရက်နေ့မှာလည်း ဝတ်ပြုဆုတောင်းခြင်းကို ကမ္ဘာတစ်ဝန်းမှာ ပြုလုပ်ကြပါတယ်။

"ကျွန်တော်တို့ ဝတ်ပြုဆုတောင်းပွဲမတိုင်မီ သမ္မာကျမ်းစာအတိုင်း အသင်းတော်တွေထဲမှာ လေးပတ်တာ ကြိုပြီးပြင်ဆင်ကြသလို ဒီဇင်ဘာ ၁၆ ရက်ကစပြီး ကိုးရက်တာ အနီးကပ် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ကြပါတယ်။ ပြီးတော့ မွေးဖွားလာခြင်း သတင်းကောင်းကို ဖြန့်ဝေဖို့အတွက် ဓမ္မတေးသံတွေ တစ်အိမ်တက်ဆင်း သီဆိုကြပါတယ်။ ပြီးတော့ ခရစ္စမတ်ရဲ့အနှစ်သာရဖြစ်တဲ့ ချစ်ခြင်းမေတ္တာ တရားတွေကို ပြသနိုင်ဖို့ တစ်ဦးနဲ့ တစ်ဦး ခရစ္စမတ်လက်ဆောင်တွေ ဝေမျှကြတယ်။ ခရစ္စမတ်နှုတ်ဆက်တာတွေ ပြုလုပ်ကြတယ်"ဟု စိန့်မေရီကက်သလစ်ဘုရားကျောင်းမှ စာချဘုန်းတော်ကြီး ဆရာတော် မာရီယာနိုစိုးနိုင်က ပြောသည်။

ခရစ္စမတ်ပွဲတော် ဖြစ်ပေါ်လာခြင်းမှာ ချစ်ခြင်းမေတ္တာ၊ ငြိမ်းချမ်းမှုတရားတွေဖြင့် ယေရှုဘုရားသခင်သည် လူသားများကို ကယ်တင်ရန်အတွက် လူသားအဖြစ်မွေးဖွားခဲ့သည်။ ထိုနေ့ကို ကြိုဆိုသည့်အနေဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းရင်း မိမိတို့ ချစ်မေတ္တာတွေကို ဝေမျှကြသည့် ပွဲတော်အဖြစ် ခရစ်ယာန်ဘာသာဝင်တို့က ကျင်းပလာခဲ့သည်မှာ ခရစ်တော်သက္ကရာဇ်အရ ၂၀၁၅ ခုနှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

**(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း)**



# ပျဉ်းမနားမြို့ အရှိုနှစ်ခြင်းအသင်းတော်တွင် ညဦးယံဝတ်ပြုဆုတောင်းပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ခရစ်တော် ဖွားမြင်တော်မူခြင်း အထိမ်းအမှတ်ခရစ္စမတ်နေ့(ဒီဇင်ဘာ ၂၅ ရက်)နှင့် ယင်းနေ့မတိုင်မီ ခရစ္စမတ်ကာလဖြစ်သော ဒီဇင်ဘာ ပထမပတ်မှစတင်၍ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို ခရစ်ယာန်ဘာသာဝင်အပေါင်းတို့၏ နေအိမ်များ၊ အသင်းတော် ဘုရားရှိခိုးကျောင်းများတွင် ခရစ်တော်ဖွားမြင်တော်မူခြင်းဆိုင်ရာ ကြိုဆိုချီးမွမ်း ဓမ္မတေးသီချင်းများ သီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများကို နိုင်ငံနှင့်အဝှမ်း ကျင်းပလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များနည်းတူ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော ခရစ်ယာန် ဘာသာဝင်များသည်လည်း ဒီဇင်ဘာပထမပတ်မှစ၍ ခရစ္စမတ်နေ့မတိုင်မီ မိမိတို့ဒေသဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၌ ဆုတောင်းဝတ်ပြုခြင်းများ၊ မိတ်ဆွေများထံ လက်ဆောင်များပေးပို့ခြင်း၊ နေအိမ်များသို့ လာရောက်တွေ့ဆုံ၍နှုတ်ဆက် ဓမ္မတေးသီချင်းများသီဆို၍ ဆုတောင်းပတ္ထနာပြုခြင်းများ ပြုလုပ်ကြသည်။

ယနေ့ညတွင် ဘုရားရှိခိုးကျောင်းများ၌ ဝတ်ပြုဆုတောင်းပွဲများ၊ ဓမ္မတေးနှင့် စင်မြင့်တေးဂီတအစီအစဉ်များ ပြုလုပ်ကြရာ ခရစ်ယာန်ဘာသာဝင်များသာမက အခြားဘာသာဝင်မိတ်ဆွေများပါ ပါဝင်ဆင်နွှဲကြသည်ကို မြင်တွေ့ရသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားမြို့ အရှိုနှစ်ခြင်းအသင်းတော်တွင်လည်း ညဦးယံဝတ်ပြုဆုတောင်းပွဲများ ကျင်းပရာ "မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း"ဟု သမ္မာကျမ်းစာရွတ်ဖတ်၍ လူတစ်ဦးချင်းစီမှ မိသားစု၊ မြို့ပြမှသည် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဝပြော၍ ကောင်းချီးမင်္ဂလာ ခံစားရစေကြောင်း သိက္ခာတော်ရ ဆရာဆမိုလှဒင်က ဆုတောင်း ပတ္ထနာပြု၍ ခရစ္စမတ်အကြိုညကို ကျင်းပခဲ့သည်။

**(သတင်း-နေသန်၊ဓာတ်ပုံ-ရာမည)**



# ကန်ဒေါ်လာ ၁၅ သန်းတန် ကွန်ကရစ်စက်ရုံ မြန်မာ-ဂျပန် ပူးတွဲတည်ဆောက်မည်

ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် အကြီးစားစက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် IHI ကော်ပိုရေးရှင်းက အခြေခံအဆောက်အအုံတည်ဆောက်မှုတွင် တစ်ဟုန်ထိုး ဝယ်လိုအားမြင့်တက်လာမှုကို ဖြည့်ဆည်းပေးရန်နှင့် တိုင်းပြည်၏ ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးလာစေရန် အမေရိကန်ဒေါ်လာ ၁၅ သန်းကုန်ကျမည့် ကွန်ကရစ်စက်ရုံတစ်ရုံကို မြန်မာအစိုးရနှင့် ပူးတွဲတည်ဆောက်မည်ဖြစ်ကြောင်း Nikkei Asian Review က သတင်းဖော်ပြသည်။

တစ်နှစ်လျှင် အရည်အသွေးမြင့်ကွန်ကရစ်တုံး တန်ချိန် ၇၇၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိမည့် အဆိုပါစက်ရုံတည်ဆောက်ရေးတွင် IHI ကော်ပိုရေးရှင်းက ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းကျခံရမည်ဖြစ်ပြီး ကျန်ရှိသော ၄၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျခံရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်ရန်ကုန်၌တည်ရှိမည့် ယင်းကွန်ကရစ်စက်ရုံတည်ဆောက်ရေးလုပ်ငန်းကို လာမည့်နှစ် ဇန်နဝါရီလတွင်စတင်မည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှုကို စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလတွင်စတင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ပြောကြားသည်။

**(သုတ)**




နေပြည်တော် ပျဉ်းမနားမြို့ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ခရစ္စမတ်အကြို စင်မြင့်ဂီတနှင့် ဓမ္မတေးသီချင်းသီဆိုဖျော်ဖြေပွဲကို ယနေ့ညပိုင်းက ကျင်းပစဉ်။

(ဓာတ်ပုံ-ရာမည)



နေပြည်တော် ပျဉ်းမနားမြို့ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ခရစ္စမတ်ကာလ ဈေးဆိုင်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ရာမည)

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့်စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။
(ဂ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။
(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(င) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(ခ) ပုံမှန်ဈေးနှုန်းများအရ-
(၁) လယ်ယာကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင်၂၃ ဒသမ သုည ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၈ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆ ဒသမ ၇ရာခိုင်နှုန်းတိုးတက်ရန်။
(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၃၀ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄ ဒသမ ၃ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင်၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇ ဒသမ သုည ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင်နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၆ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅ ဒသမ သုည ရာခိုင်နှုန်းမှ ၃၅ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင် မှုအချိုးအစားကို ၃၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊
(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၅၅၄၂ ဒသမ ၆ဘီလီယံ ဖြစ်ပေါ်ရန်၊
(စ) နှစ်အလိုက်ဈေးနှုန်းများအရစုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၂ ဒသမ ၀၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှအချိုးအစားအားဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၇ ဒသမ ၉၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊
(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၈၁၅၇ ဒသမ ၁ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၂၁၈၅ ဒသမ ၅ ဘီလီယံတင်သွင်းရန်၊
(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၄၁၃၀၃၁မှ ကျပ် ၁၅၈၄၉၆၁ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ ၄ ပါ (၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆) နှင့်(၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများ ကိုလည်း မျှတစွာထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ အတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှုသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှု ရှိ၊ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့်နိုင်ငံပိုင်အခန်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆၃၀၂၄၅၆. ၀** | **၂၈. ၆** | **၃. ၄** | **၁၇၀၄၅၁၉၆. ၈** | **၂၇. ၈** | **၄. ၆** |
| | ၁ | လယ်ယာ | ၁၁၄၁၉၄၀၄. ၀ | ၂၀. ၀ | ၂. ၈ | ၁၂၀၄၀၆၃၃. ၉ | ၁၉. ၆ | ၅. ၄ |
| | ၂ | သားငါး | ၄၇၇၇၀၄၄. ၉ | ၈. ၄ | ၅. ၅ | ၄၉၂၂၉၄၇. ၉ | ၈. ၀ | ၃. ၁ |
| | ၃ | သစ်တော | ၁၀၆၀၀၇. ၁ | ၀. ၂ | -၁၆. ၂ | ၈၁၆၁၅. ၀ | ၀. ၂ | -၂၃. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၇၀၁၀၃၄၁. ၁** | **၂၉. ၉** | **၈. ၃** | **၁၈၉၃၀၇၀၉. ၄** | **၃၀. ၉** | **၁၁. ၃** |
| | ၁ | စွမ်းအင် | ၇၁၂၈၁. ၁ | ၀. ၁ | -၁၉. ၇ | ၈၄၆၈၆. ၈ | ၀. ၁ | ၁၈. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၂၉၇၇၈. ၇ | ၁. ၁ | ၁. ၁ | ၇၀၁၉၉၁. ၅ | ၁. ၂ | ၁၁. ၅ |
| | ၃ | စက်မှုလက်မှု | ၁၂၅၂၂၆၀၅. ၅ | ၂၂. ၀ | ၉. ၉ | ၁၃၈၆၉၈၀၁. ၆ | ၂၂. ၆ | ၁၀. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၀၁၉၇၄. ၂ | ၁. ၃ | ၁၀. ၈ | ၇၄၇၇၃၀. ၁ | ၁. ၂ | ၆. ၅ |
| | ၅ | ဆောက်လုပ်မှု | ၃၀၈၄၇၀၁. ၆ | ၅. ၄ | ၄. ၄ | ၃၅၂၆၄၉၉. ၄ | ၅. ၈ | ၁၄. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃၅၉၅၂၃၅. ၉** | **၄၁. ၅** | **၁၀. ၃** | **၂၅၃၅၀၄၂၂. ၄** | **၄၁. ၃** | **၇. ၄** |
| | ၁ | ပို့ဆောင်ရေး | ၇၁၆၀၈၂၂. ၀ | ၁၂. ၆ | ၈. ၃ | ၇၇၁၁၅၂၈. ၈ | ၁၂. ၆ | ၇. ၇ |
| | ၂ | ဆက်သွယ်ရေး | ၃၀၂၉၁၉၄. ၉ | ၅. ၃ | ၃၅. ၇ | ၃၂၈၃၀၁၉. ၀ | ၅. ၃ | ၈. ၄ |
| | ၃ | ငွေရေးကြေးရေး | ၁၉၄၅၃၁. ၈ | ၀. ၃ | ၁၁. ၂ | ၂၁၀၅၅၆. ၂ | ၀. ၃ | ၈. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၅၂၉၀၃၃. ၀ | ၂. ၇ | ၇. ၆ | ၁၆၀၀၁၁၉. ၇ | ၂. ၆ | ၄. ၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၄၁၀၇၁၁. ၈ | ၂. ၅ | ၁၁. ၁ | ၁၅၈၄၁၀၁. ၃ | ၂. ၆ | ၁၂. ၃ |
| | ၆ | ကုန်သွယ်မှု | ၁၀၂၇၀၉၂၂. ၄ | ၁၈. ၁ | ၆. ၀ | ၁၀၉၆၁၀၇၇. ၄ | ၁၇. ၉ | ၆. ၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၆၉၀၈၀၃၃. ၀** | **၁၀၀. ၀** | **၇. ၆** | **၆၁၃၂၆၃၂၈. ၆** | **၁၀၀. ၀** | **၇. ၈** |

**လုပ်ချင်တာတွေ၊ စိတ်ကူးတွေကလည်း တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်လာပြီး ပြည့်လာတယ်။ ထိုင်းဇာတ်ကားတွေမှာ အုန်းမှုတ်ခွက်လေးတွေနဲ့ စားစရာထည့်စားတာကို ကျေးလက်ရိုးရာအနေနဲ့ ဂုဏ်ယူစွာ ထည့်သွင်းပြသွားတာကို တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ မရိုက်ပြကြသေးဘူး။ ဒါတွေကို ဦးအနေနဲ့က စွန့်ပစ်ပစ္စည်းလည်းဖြစ်၊ နောက် ဦးထုတ်လုပ်လိုက်တဲ့၊ ဖန်တီးလိုက်တဲ့ပစ္စည်းက ရှားပါးသွားမယ့်၊ မျိုးသုဉ်းသွားမယ့် သဘာဝသယံဇာတကို ကုန်ခန်းသွားမယ့် ပစ္စည်းမျိုးမဖြစ်ရဘူး။ (ပန်းချီကိုစိုး)**



# စွန့်ပစ်မည့်အမှိုက်မှ ရွှေဖြစ်စေခဲ့သည့် မြန်မာမှုလက်ရာ အုန်းအနုပညာ

အသက် (၆၀) ကျော်ရှိ အမျိုးသမီးကြီးတစ်ဦး အိမ်ရှေ့ရှိ အုန်းပင်ကြီးကို ဆွေးမြည့်စွာ ငေးကြည့်နေသည်ကို တွေ့ရသည်။ "အုန်းပင်ခုတ်နေလို့ အုန်းပင်နားက ဖြတ်မသွားကြပါနဲ့ခင်ဗျ"ဟု အော်ဟစ်သတိပေးနေသော အုန်းပင်ခုတ်သမားနှင့်အတူပါလာသော လုပ်ဖော်ကိုင်ဖက်၏အသံ။ အုန်းပင်ခုတ်နေသည်ကို နှမြောတသဖြစ်နေသည့် အမျိုးသမီးကြီးသာမက သူ၏ သားသမီးများကလည်း စိတ်မကောင်းသည့် မျက်ဝန်းများဖြင့် တဖြည်းဖြည်းအခုတ်ခံလိုက်ရသော အုန်းပင်ကြီးကို ငေးကြည့်နေကြသည်။

"ဒီအပင်က အန်တီတို့ တစ်သက်ရှိတယ်လို့ ပြောလို့ရတယ်။ အန်တီ့အဖေက ကျိုက်လတ်ဘက်က အပင်မျိုးကို ယူပြီး စိုက်ထားတာ။ အဖေ့လက်ထက်ကတည်းက အခုအချိန်အထိ အရည်အသွေးရော အသီးအညှာကစ လှတယ်။ ကောင်းတယ်။ အုန်းသီးခူးတိုင်း အုန်းသီးကို စားရသလို ပြန်ရောင်းလို့လည်းရတယ်။ အခုနောက်ပိုင်းတော့ တိုက်တွေဆောက်တာများလာတယ်။ အုန်းပင်တွေလည်း မရှိတော့ဘူး။ အန်တီတို့အိမ်က ပျဉ်ထောင်အိမ်။



အိမ်ရှေ့မှာ အုန်းပင်နှစ်ပင်ရှိတယ်။ တစ်ပင်ကတော့ တိုက်ဆောက်တုန်းက ခုတ်လိုက်ရတယ်။ အခုတစ်ပင်ကလည်း တိုက်တွေနဲ့ ကားတွေများလာပြီး လူတွေများလာတော့ အုန်းသီးကြွေကျရင် အန္တရာယ်ဖြစ်မှာစိုးလို့ သက်ဆိုင်ရာကိုပြောပြီးခုတ်လိုက်ရတယ်။ ခုတ်တော့ မခုတ်ချင်ဘူးလေ။ အဖေစိုက်ခဲ့တဲ့ အပင်လေးဆိုတော့ နှမြောတယ်။ အုန်းပင်ကထွက်တဲ့ ပစ္စည်းမှန်သမျှ အသုံးဝင်တယ်။ အုန်းသီးကအစ အုန်းလက် အမှိုက်အထိ လူ့အသုံးအဆောင်ပစ္စည်းတွေ လုပ်လို့ရတယ်"ဟု အိမ်ရှေ့က အုန်းပင်ကြီး ခုတ်လိုက်ရသဖြင့် နှမြောတသဖြစ်နေသူ အသက် (၆၀) ကျော် အမျိုးသမီးကြီးက သူ၏ခံစားချက်ကို ပြန်လည်မျှဝေသည်။

အမှန်တကယ်တွင်လည်း သူပြောသလိုပင်၊ အုန်းပင်သည် လူတို့အတွက် အင်မတန် အသုံးဝင်လှသည်။ အုန်းပင်တစ်ပင်လုံး၏ အသုံးဝင်ပုံကို ဖိလစ်ပိုင်တောင်သူကြီးတစ်ဦးက "ကောင်းကင်မှ ကြယ်ပွင့်များကို ရေတွက်နိုင်စွမ်းရှိသောအခါကျမှ အုန်းပင်၏ အသုံးဝင်ပုံကို ရေတွက်နိုင်လိမ့်မည်"ဟုပင် တင်စားပြောဆိုခဲ့သည်ဟု စာရေးဆရာ လှမောင်မောင်၏ သုတပဒေသာစာစောင် ၁၉၇၉ ခုနှစ် ဇူလိုင်လထုတ် စာစောင်တွင်ပါရှိသော အုန်းပဒေသာ ဆောင်းပါး၌ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ စာရေးဆရာ လှမောင်မောင်က အုန်း၏ အသုံးဝင်ပုံကို ပြည့်ပြည့်စုံစုံဖော်ပြထားပြီး အုန်းသည် အိမ်တစ်ဆောင်တည်ဆောက်ရန် အလုံးစုံသော လိုအပ်ချက်တို့ကို ပေးစွမ်းနိုင်ရုံသာမက အိမ်တွင်းသုံး ပရိဘောဂ အဝဝကိုလည်း ပေးစွမ်းနိုင်သည်။ ခုံ၊ ကုလားထိုင်၊ အိပ်ရာ၊ မွေ့ရာ၊ ကော်ဇော၊ တံမြက်စည်း၊ ခွက်၊ မှုတ်၊ ပန်းကန်တို့အပြင် ဆပ်ပြာ၊ သွားတိုက်ဆေး စသော လူသုံးကုန် ပစ္စည်းအမျိုးမျိုးကို အုန်းမှရရှိနိုင်သည်ဟု ဖော်ပြထားသည်။

အုန်းသည် ထင်းမီးသွေးအဖြစ် အပူဓာတ်ကို ပေးစွမ်းသလို အုန်းပင်အရိပ်နှင့် အုန်းရွက်ယပ်တောင်များကလည်း အအေးဓာတ်ကိုပေးသည်။ အုန်းသည် အလင်းရောင်ကို ကာကွယ်ပေးသော အမိုးအကာတို့ကို ထုတ်လုပ်ပေးသကဲ့သို့ အုန်းမီးခွက်သည်လည်း အမှောင်ခွင်း၍ အလင်းဆောင်ပြန်သည်။ အုန်းမှရသော ပစ္စည်းများဖြင့် အထည်များကို ရက်လုပ်နိုင်သကဲ့သို့ တံငါများအတွက် လိုအပ်သော လှေ၊ တက်၊ ပိုက်ကွန်နှင့် ကြိုးများ၊ ရွက်များ မကျန် အသုံးဝင်ပြန်သည်။ အုန်းမှ အရသာထူးကဲသော စားသောက်ဖွယ်ရာတို့ကိုလည်း ပေးစွမ်းပြန်သေးသည်။ ထို့ကြောင့်လည်း အုန်းပင်တစ်ပင်လုံး၏ အသုံးဝင်မှုသည် ရေးသား၍ပင် ကုန်မည်မဟုတ်ပေ။ အသုံးဝင်လှသော အုန်းပင်များကို မြို့ပြဖွံ့ဖြိုးမှု၊ နေအိမ်တိုက်တာများ ဆောက်လုပ်မှုတို့ကြောင့် ခုတ်ပစ်လိုက်ရသော်လည်း အုန်းပင်များ မျိုးသုဉ်းသွားခြင်းတော့ မရှိသေးပေ။ ပေါများစွာ ပေါက်ရောက်နေသော အုန်းပင်များမှထွက်ရှိသည့် ထွက်ကုန်အမျိုးမျိုးကို အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချနေရသည်။

ထိုသို့ အုန်းပင်ထွက်ပစ္စည်းအမျိုးမျိုးတို့ကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်ခဲ့ရာမှ အုန်းသီးမှ မြန်မာမှုအနုလက်ရာ အမှတ်တရပစ္စည်းများ ပြုလုပ်ဖန်တီးနေသည့် ပညာရှင်တစ်ဦးနှင့် မထင်မှတ်ဘဲဆုံတွေ့ခဲ့ရသည်။ သူ၏ လက်ရာများမှာ ပြောင်မြောက်လှပြီး တန်ဖိုးကြီးပစ္စည်းကဲ့သို့ပင် ဖန်တီးပုံဖော်ထားသည့်အတွက် သာမန်စွန့်ပစ်မည့် အုန်းသီးခွံမှ တန်ဖိုးမြင့် ထုတ်ကုန်တစ်ခုအဖြစ် နိုင်ငံခြားသားများ နှစ်သက်စွဲလမ်းသည့် မြန်မာမှုလက်ရာ အနုပညာပစ္စည်းတစ်ခုအဖြစ် ဖန်တီးနိုင်မှုမှာ အံ့မခန်းပင်ဖြစ်သည်။ ထိုသို့ဖန်တီးပုံဖော်ထားသည့် အုန်းအနုပညာလက်ရာ အမှတ်တရပစ္စည်းများသည် အအေးဒဏ်ခံ၊ အပူဒဏ်ခံ၊ အကြမ်းခံသလို လှပသော ပန်းချီအနုပညာလက်ရာများနှင့်ပေါင်းစပ်ကာ အသွင်ဆန်း၊ အမြင်ဆန်း ပုံဖော်ထားသည်မှာ မြင်ရသူတိုင်းက တန်ဖိုးထားရသည့် ပစ္စည်းများဖြစ်သည်အထိ စွမ်းဆောင်နိုင်စွမ်းရှိသည်။

ငယ်ငယ်က အုန်းမှုတ်ခွက်များဖြင့် ဆော့ကစားခဲ့ဖူးသည်။ အဘိုးအဘွားများက အုန်းမှုတ်ခွက်လေးများဖြင့် မြန်မာမုန့်များ ထည့်ကျွေးသည်ကို စားဖူးသလို အုန်းမှုတ်ခွက်လေးအား တုတ်ဖြင့်ထိုးကာ သောက်ရေခွက်အဖြစ် ပြုလုပ်သည်ကိုလည်း ကြုံဖူးသည်။ ကျေးလက်ဒေသအချို့တွင် ယနေ့တိုင် ထိုသို့သော အုန်းမှုတ်ခွက်လေးများ တွေ့မြင်နိုင်သေးသည်။ ယခု "ပန်းချီ ကိုစိုး" ဟုခေါ်သော မြန်မာမှုအနုပညာလက်ရာများကို အုန်းမှုတ်ခွက်များ ပုံဖော်ဖန်တီးနေသူတစ်ဦး၏ အုန်းအနုပညာလက်ရာများကို တွေ့မြင်ရသည့်အခါ စွန့်ပစ်တော့မည့် ပစ္စည်းများ၊ အမှိုက်ဖြစ်မည့် ပစ္စည်းများဖြင့် အဖိုးတန် မြန်မာမှုလက်ရာ အနုပညာပစ္စည်း၊ အမှတ်တရလက်ဆောင်ပစ္စည်း ထုတ်လုပ်နိုင်မှုအပေါ် အထူးစိတ်ဝင်စားမိသည်။ သူ၏ လက်ရာပစ္စည်းတော်တော်များများကို နိုင်ငံခြားသားများသာမက မြန်မာတိုင်းရင်းသားအချင်းချင်း လက်ဆောင်ပေးရန်အတွက်လည်း လာရောက်ဝယ်ယူခြင်း၊ အော်ဒါမှာခြင်းများ ရှိသည်ဟု သိရသည်။

"အုန်းနဲ့ပတ်သက်ပြီး လေ့လာခဲ့တာ ကြာပါပြီ။ ၂၀၀၅ ကနေစပြီးတော့ စမ်းသပ်လုပ်ကြည့်ခဲ့တယ်။ အကြိမ်ကြိမ်ပေါ့။ တကယ်ပီပီပြင်ပြင် ရုပ်လုံးထွက်လာတာက ၂၀၁၂ လောက်စပြီး ပီပီပြင်ပြင်ဖြစ်သွားတယ်။ တော်တော်စမ်းသပ်ခဲ့ရတယ်။ အဲဒီအပေါ်မှာလည်း ဒီဇိုင်းတွေ၊ အမြင်တွေလည်း ပြောင်းသွားတယ်။ အခက်အခဲတွေလည်း အများကြီးပဲ။ ကျော်လွှားရမှာတွေလည်း တွေ့လာရတယ်။ လုပ်ချင်တာတွေ၊ စိတ်ကူးတွေကလည်း တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်လာပြီး ပြည့်လာတယ်။ ထိုင်းဇာတ်ကားတွေမှာ အုန်းမှုတ်ခွက်လေးတွေနဲ့ စားစရာထည့်စားတာကို ကျေးလက်ရိုးရာအနေနဲ့ ဂုဏ်ယူစွာ ထည့်သွင်းပြသွားတာကို တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ မရိုက်ပြကြသေးဘူး။ ဒါတွေကို ဦးအနေနဲ့က စွန့်ပစ်ပစ္စည်းလည်းဖြစ်၊ နောက် ဦးထုတ်လုပ်လိုက်တဲ့၊ ဖန်တီးလိုက်တဲ့ ပစ္စည်းက ရှားပါးသွားမယ့်၊ မျိုးသုဉ်းသွားမယ့် သဘာဝသယံဇာတကို ကုန်ခန်းသွားမယ့် ပစ္စည်းမျိုးမဖြစ်ရဘူး။ ဒီလိုဟာကို ဦးတည်ပြီးတော့ ဖန်တီးပြုလုပ်ခဲ့တာဖြစ်ပါတယ်။ တချို့ကုမ္ပဏီတွေက နိုင်ငံခြားကုမ္ပဏီတွေဆိုတော့ သကြားလုံးထည့်ဖို့၊ ပစ္စည်းလေးတွေထည့်ဖို့ လုပ်ခိုင်းတာရှိသလို အခုဆိုရင် ဟင်းချက်ပြပွဲတွေ၊ ပရိဂရမ်တွေမှာ အလှဆင်ထည့်သွင်းဖို့အတွက် သုံးလာတာရှိပါတယ်။ မစည် (Syi Food Garden) ရဲ့ ရုပ်သံအစီအစဉ်တွေနဲ့ ဟိုတယ်၊ စင်တာတွေက ပရိုမိုးရှင်းပွဲတွေမှာလည်း ထည့်သွင်းဖော်ပြလာပါတယ်" ဟု အုန်းအနုပညာ မြန်မာမှုလက်ရာများကို ဖန်တီးပုံဖော်နေသူ ပန်းချီကိုစိုးက ပြောသည်။

၎င်းအနေဖြင့် ဖန်တီးပုံဖော်မှုများကို လက်ဆင့်ကမ်းဖြန့်ဝေလိုသည့်အပြင် နိုင်ငံခြားသားများအား ဆွဲဆောင်မှုအနေဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လိုစိတ်ပြင်းထန်လျက်ရှိသည်။ သာမန်အလှဆင်ထားသော အုန်းမှုတ်ခွက်များမဟုတ်ဘဲ အကြမ်းခံသည့်အပြင် ဖန်တီးထားသည့် ပန်းချီအနုပညာလက်ရာများကို ရေစိုခံ၊ အပူခံ၊ အအေးဒဏ်ခံပြုလုပ်ထားနိုင်သည့်အတွက်လည်း နည်းပညာအရ နှစ်ပေါင်းများစွာ သုတေသနပြု လေ့လာစမ်းသပ်မှုများစွာ ပြုလုပ်ခဲ့ရခြင်းပင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ တစ်ချိန်တွင် စာအုပ်ရေးသားထုတ်ဝေရန် ရည်ရွယ်ထားပြီး မြန်မာမှုလက်ရာများကို လက်ဆင့်ကမ်းပေးအပ်ခြင်းအပြင် အုန်းနှင့် ပတ်သက်၍လည်း အသေးစိတ် ရေးသားသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။ ပန်းချီကိုစိုးသည် မူလက ပန်းချီဆရာမဟုတ်သော်လည်း မူလပါရမီရင့်သန်သူဖြစ်ကာ စိတ်ဝင်တစားလေ့လာလိုက်စားရင်း ယခုကဲ့သို့ လက်ရာများကို ဖော်ထုတ်နိုင်ခဲ့ခြင်းအပြင် "ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ ယွန်းကွမ်းအစ်နှင့် အဆင်များ" စာအုပ်ကိုလည်း ရေးသားထုတ်ဝေနိုင်ခဲ့ပြီး သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းကိုယ်တိုင်ပင် အမှာစာ ရေးသားပေးခဲ့သည်ဟု သိရသည်။ ပန်းချီကိုစိုးသည် အမည်ရင်း ဦးတင်စိုးဖြစ်ပြီး တပ်မတော်(ရေ)နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကာ တာဝန်မှ အငြိမ်းစားယူပြီးနောက် ယခုကဲ့သို့ မြန်မာမှုလက်ရာများ ဖန်တီးပုံဖော်နေသူဖြစ်သည်။ ယခု ဖန်တီးပြုလုပ်ထားသော အုန်းလက်မှုပညာတွင် ယွန်းပန်းချီပုံစံများ၊ ကျောက်စီပန်းချီလက်ရာပုံစံများ၊ အုန်းဆံကြိုးဖြင့် ပုံဖော်တပ်ဆင်ထားခြင်းများ စသည်ဖြင့် လက်ရာမျိုးစုံ၊ အရောင်အသွေးမျိုးစုံ၊ အုန်းသီးအကြီး၊ အသေးပေါ်မူတည်၍ အရွယ်အစားမျိုးစုံတို့ကို ပုံဖော်ဖန်တီးထားသည်။ သဘာဝအရ ရရှိလာသည့် အုန်းသီးကို လှပသော လက်ရာတစ်ခုအသွင်သာမက လှည့်ဖွင့်လို့ရ၊ လှည့်ပိတ်လို့ရသည့် လုံခြုံစွာ ဖွင့်ပိတ်ပြုလုပ်နိုင်သည့် သဘာဝနည်းပညာတစ်ခုကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရသည်။

"အာဆီယံဒေသတွင်း နိုင်ငံတွေဟာ ယဉ်ကျေးမှုဓလေ့စရိုက်တွေ သိပ်မကွာခြားကြပါဘူး။ ဒီလိုပဲ လက်မှုပညာရပ်တွေမှာလည်း တူညီတာတွေ အများကြီးရှိပါတယ်။ ဗီယက်နမ်တို့၊ ထိုင်းတို့မှာလည်း အုန်းနဲ့ပြုလုပ်တဲ့ လက်မှုပညာတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာမှုအနုပညာလက်ရာတွေကို စွန့်ပစ်ပစ္စည်း၊ အမှိုက်ဖြစ်မယ့် ပစ္စည်းကနေ တန်ဖိုးမြင့် အမှတ်တရပစ္စည်းအဖြစ်နဲ့ ထုတ်လုပ်တာမျိုးကို အားပေးပြီး ဈေးကွက်ထဲရောက်အောင် ဖော်ထုတ်ပေးသင့်ပါတယ်။ ဒီကနေဝယ်သွားတဲ့ပစ္စည်းတွေဟာ နိုင်ငံခြားရောက်ရင် ဈေးအတော်ကြီးသွားပါတယ်။ တချို့လက်ရာတွေက ပြန်မရနိုင်တော့တဲ့ လက်ရာမျိုးတွေဖြစ်ပါတယ်။ ဒီလိုလက်ရာတွေကို ဘယ်သူပဲလုပ်လုပ် အားပေးသင့်ပြီး လက်ဆင့်ကမ်းပေးသင့်ပါတယ်။ ဂျပန်နိုင်ငံကလည်း စိတ်ဝင်စားမှုရှိပြီး ဖိတ်ခေါ်တာမျိုးတော့ ရှိပါတယ်။ အဓိကကတော့ ဖော်ထုတ်ခွင့်ရဖို့ နိုင်ငံတကာပြပွဲတွေမှာ ပြသခွင့်ရဖို့၊ မြန်မာမှုလက်ရာတွေကို နိုင်ငံတကာက၊ ကမ္ဘာက သိအောင် လုပ်ခွင့်ရဖို့အခြေအနေတွေ လိုအပ်ပါတယ်။ အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်မှုတွေလာရင် သူများနိုင်ငံက အိမ်နီးချင်းနိုင်ငံက ပစ္စည်းတွေ စိမ့်ဝင်လာတာထက် ကိုယ့်မြန်မာမှုလက်ရာတွေကို ထိုးဖောက်နိုင်အောင် ဆောင်ရွက်ဖို့လိုပါတယ်။ အခုဆိုရင် ခရီးသွားတွေ တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာပြီလေ" ဟု ပန်းချီကိုစိုးက မြန်မာမှုလက်ရာများ ထုတ်ဖော်ပြသနိုင်ရေးနှင့် ပတ်သက်ပြီး အကြံပြုပြောကြားသည်။

ငွေကြေးရရှိရုံ၊ အမြတ်ရရှိရုံသက်သက်မဟုတ်ဘဲ မြန်မာမှုလက်ရာ အနုပညာကို ထုတ်ဖော်ပြသပြီး အလှသက်သက်မဟုတ်သည့် အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်နိုင်ရန်လည်း လိုအပ်သည်ဟု ၎င်းကဆိုသည်။ ထိုသို့သော အုန်းမှုတ်ခွက်မှ အမှတ်တရ အလှပစ္စည်းများ ပြုလုပ်ရောင်းချနေသည်ကို နိုင်ငံခြားသားခရီးသွားဈေးကွက်တွင် တွေ့မြင်ဖူးသော်လည်း အလှသက်သက်သာဖြစ်ပြီး ခဏတာအတွင်း ပြန်လည်ပျက်စီးနိုင်သည့် ပစ္စည်းများဖြစ်သည့်အတွက်ကြောင့် တန်ဖိုးမြင့် အရည်အသွေးကောင်း လက်မှုပစ္စည်းများ ထုတ်လုပ်နိုင်ရန်လည်း လိုအပ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် အုန်းပင်မှသာမက ထန်းပင်မှလည်း ထန်းပင်ထွက်ပစ္စည်းအမျိုးမျိုးတို့ကို လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် အသုံးပြုနေကြပြီး ထိုသို့သော ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်စေမည့်အပြင် မြန်မာမှုလက်ရာများလည်း ထုတ်ဖော်ပြသနိုင်သည့် ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ပါက စွန့်ပစ်အမှိုက်မှ တန်ဖိုးရှိထုတ်ကုန်အဖြစ် ရောက်ရှိလာမည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေရရှိစေမည်ဖြစ်သည်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဟူသော ဆောင်ပုဒ်ကိုအကောင်အထည်ဖော်ကာ ကုန်ထုတ်လုပ်မှုကို အားပေးသွားရန် လိုအပ်ပြီး အထူးသဖြင့် ကျေးလက်ဒေသ အလုပ်အကိုင်နှင့် အခွင့်အလမ်း၊ ဝင်ငွေရရှိနိုင်မှု၊ ကျေးလက်ရိုးရာ လက်မှုပညာနှင့် ဒေသထွက်အစားအစာ၊ ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဖန်တီးထုတ်လုပ်နိုင်မှု၊ ထိုသို့သော ရည်ရွယ်ချက်များနှင့်အတူ ကျေးလက်ဒေသ ခရီးသွားဖွံ့ဖြိုးရေးတွေကိုပါ အကောင်အထည်ဖော်သွားနိုင်လျှင် သဘာဝအခြေခံမြေခံကောင်းသော မြန်မာနိုင်ငံအတွက် အလားအလာကောင်းများစွာ ရှိနေသည်ဟု သုံးသပ်ကြသည်။ တိမ်မြုပ်ပျောက်ကွယ်နေသော အဖိုးတန်များကို နိုင်ငံတကာကသိအောင်၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးသိအောင် ဖော်ထုတ်အားပေးပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်သာ လိုအပ်ပါသည်ဟုသာ. . . . .။

ဆုနှင်းလှဲ့

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅ - ၁၂ - ၂၀၁၅ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၅၀ | စူပါစာအုပ်(အပိုင်း-၂) "အံ့ဖွယ်မိတ်ဆွေယေရှုသခင်" |
| ၂း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၃၄) |
| ၂း၃၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |
| ၃း၁၅ | မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့ [စောလှကြည်ထူး(မြန်မာ)နှင့် နိုဝီဆိုရပ်(ထိုင်း)] |
| ၃း၃၅ | ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၄း၃၅ | Weekly Sports Info |
| ၅း၃၅ | Hyper Sports |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၃၅) |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | ကမ္ဘာ့ကုန်သွယ်မှုဂိတ်တံခါး |
| ၈း၄၅ | လူသားနှင့်ဇီဝအဝန်း နယ်မြေကန်သာအင်းလေးရေ |
| ၈း၅၅ | ASEAN Economic Community (AEC) -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၅၅) -ချစ်သောဉကမ္ဘာမြေ -Channel Zero (အပိုင်း-၂) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၀) |
| ၆း၂၀ | ပြည်သူ့နီတိ "မိမိနေအိမ်ကိုတည် ဆောက်ကြသူများ" (ဇာတ်သိမ်း) |
| ၆း၄၀ | ရောင်စုံရေးသီတေးပန်းချီ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၆) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မချစ်ဘူးမုန်းတယ်" (ဇာတ်သိမ်း) (နိုင်းနိုင်း၊ အေးမြတ်သူ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၉း၅၀ | ပြည်သူ့နီတိ "သားရဲကောင်သို့ ချဉ်းကပ်ခြင်း" |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကား" (အပိုင်း-၁၄) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၁) |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင်စီလုံဆေးရုံ၏ မိခင်နှင့်ကလေးများနေ့ ပျော်ပွဲရွှင်ပွဲ) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၅) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၂၅ | MRTV-4 Stage |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၃) |
| ၁၂း၄၀ | ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း၏ကျန်းမာရေး စောင့်ရှောက်မှု(ရခိုင်)ခရီးစဉ် |
| ၂း၂၀ | မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၂၄) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၂) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၂၅) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၆) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၄) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၇း၂၅ | အမျိုးရေးတေးကဗျာ |
| ၇း၃၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၆ | တစ်ပတ်အတွင်းစီးပွားရေးသတင်း |
| ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ရှုမောဖွယ်ရာ ရွှေရုပ်လွှာ |
| ၆း၃၀ | "ရွာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၂) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁၁) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door မြဝတီရုပ်မြင်သံကြားသတင်း |



# ဂျပန်နိုင်ငံခရီးစဉ်ကိုဖျက်လိုက်တဲ့ ကင်မ်ဟာနူး

တောင်ကိုရီးယားမင်းသမီးချော ကင်မ်ဟာနူးဟာ သူ့ရဲ့သတို့သားလောင်းနဲ့ ဂျပန်နိုင်ငံကို အလည်အပတ်ထွက်ရန်စီစဉ်ထားတဲ့ လေးရက်ကြာ ခရီးစဉ်တစ်ခုကို ဖျက်လိုက်ပါတယ်။

ခရီးစဉ်ပျက်ခဲ့ရတဲ့အကြောင်းကတော့ မင်းသမီးဟာ လတ်တလောမှာ ရိုက်ကူးလျက်ရှိတဲ့ သူ့ရဲ့ရုပ်ရှင်သစ် "Don't Forget Me"အတွက် ရိုက်ကူးရေးလုပ်ငန်းတွေနဲ့ မအားမလပ်ဖြစ်နေတာကြောင့်ပဲဖြစ်တယ်လို့ ဟန်စင်းနီးမားဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ကင်မ်ဟာနူးဟာ သူ့ရဲ့သတို့သားလောင်းနဲ့ စေ့စပ်ထားပြီးဖြစ်ကာ ၂၀၁၆ ခုနှစ် မတ်လအတွင်းမှာ လက်ထပ်သွားဖို့စီစဉ်ထားပါတယ်။ ကင်မ်ရဲ့ သတို့သားလောင်းဟာ သူ့ထက်အသက်တစ်နှစ်ခန့်ငယ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြပြီဆိုတဲ့အကြောင်းကို ကင်မ်က ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကာ လတ်တလောမှာတော့ မင်္ဂလာအခမ်းအနားအတွက် ပြင်ဆင်မှုတွေစတင်ပြုလုပ်နေပြီလို့ဆိုပါတယ်။

လတ်တလောမှာ ကင်မ်ဟာနူးဟာ ရုပ်ရှင်နဲ့ ဒရမ်မာဇာတ်ကားများစွာကို ရိုက်ကူးလျက်ရှိပြီး ယင်းရုပ်ရှင်များအနက် တစ်ခုကို လာမယ့်ဇန်နဝါရီ ၇ ရက်မှာ စတင်ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်ကြောင်း သိရပါတယ်။

# မယ်စကြဝဠာအဖြစ်မှားယွင်းကြေညာခံရပြီးနောက် ကိုလံဘီယာအလှမယ်၏ ဖွင့်ဟချက်

ဒီဇင်ဘာ ၂၀ ရက်က အမေရိကန်မှာကျင်းပခဲ့တဲ့ (၆၄) ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲတွင် သမိုင်းစဉ်တစ်လျှောက် အဆိုးရွားဆုံးလွဲချော်မှုဟုဆိုနိုင်သည့် မယ်စကြဝဠာဆုရှင်ကို မှားယွင်းကြေညာခဲ့မှုဖြစ်ပွားခဲ့သည်။ ယင်းမှားယွင်းမှုကြီးတွင် မယ်စကြဝဠာအဖြစ် မှားယွင်းကြေညာခံခဲ့ရသူ ကိုလံဘီယာအလှမယ် အေရီရက်ဒ်နာဂူတီရက်ဇ်အယ်လ်ဗာရိုကထိုသို့လွဲချော်ခဲ့ရခြင်းမှာ သူ့ကံတရားသာဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက်က သူ၏ အင်စတာဂရမ် စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။



အသက်(၂၁)နှစ်အရွယ် မော်လ်ဒယ်နှင့် ရုပ်သံအစီအစဉ်တင်ဆက်သူ ကိုလံဘီယာအလှမယ်က သူ့အတွက် သရဖူဆောင်းခွင့်ရခဲ့သော နှစ်မိနစ်ခန့်အခိုက်အတန့်လေးသည် ဘဝတွင် သူနှင့်အတူ အမြဲအမှတ်တရရှိနေမည်ဖြစ်ကြောင်း သူ၏လူမှုကွန်ရက်မီဒီယာပေါ်တွင် မယ်စကြဝဠာသရဖူဆောင်းထားသော သူ၏ဓာတ်ပုံနှင့် ယမန်နှစ် မယ်စကြဝဠာနှင့်အတူ အောင်ပွဲခံနေသော သူ၏ဓာတ်ပုံများကိုပါ တွဲဖက်ဖော်ပြခဲ့သည်။

ထို့ပြင် ကိုလံဘီယာအလှမယ်က "မုန်တိုင်းပြီးရင် လေပြည်လာမှာပါ။ ကျွန်မကို အွန်လိုင်းမီဒီယာကနေတစ်ဆင့် စာတွေပို့ပြီး နှစ်သိမ့်ခဲ့ကြတဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို ကျေးဇူးအထူးတင်ပါတယ်။ ပရိသတ်တွေအားလုံးဟာ ကျွန်မရဲ့ ဘဝစာအုပ်ကြီးထဲမှာ မမေ့နိုင်တဲ့သူတွေအဖြစ် ပါဝင်နေမှာပါ။ ကျွန်မရဲ့ တိုင်းပြည်က ပရိသတ်တွေသာမက ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကပါ ကျွန်မကို အားပေးခဲ့ကြလို့ ကျွန်မဟာ ကံအကောင်းဆုံးလူသားတစ်ဦးဖြစ်လာခဲ့ပါတယ်"ဟု ရေးသားဖော်ပြခဲ့သည်။

ဆက်လက်ပြီး သူက "ဒီမှားယွင်းခဲ့မှုကြီးကြောင့် ကျွန်မဟာ တိုင်းပြည်အတွက် နှစ်မိနစ်စာအပျော်တွေကို သယ်ဆောင်လာနိုင်ခဲ့ပါတယ်။ ဒီအမှားကြီးကြောင့်ပဲ အခုဆို ကိုလံဘီယာနဲ့ လက်တင်အသိုက်အဝန်းအကြောင်းကို ကမ္ဘာကြီးရဲ့နေရာတိုင်းမှာ ပြောနေကြပါပြီ"ဟုလည်း ဖော်ပြခဲ့သည်။

ဂူတီရက်ဇ်က မယ်စကြဝဠာအဖြစ် အရွေးချယ်ခံရသည့် ဖိလစ်ပိုင်အလှမယ်ထံသို့လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်သူ၏ကြင်နာမှု၊ အားပေးမှုတို့အတွက် ကျေးဇူးတင်ရှိကြောင်း ရည်ညွှန်းရေးသားကာ အွန်လိုင်းမီဒီယာကနေတစ်ဆင့် ဖော်ပြခဲ့သည်။

**အေးပြည့် - စုစည်းသည်**

# ခရစ္စမတ်အထိမ်းအမှတ် နှင်းလူသားရုပ်တုကို အတူပြုလုပ်ခဲ့တဲ့ တေလာဆွစ်တို့စုံတွဲ



အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်နှင့် သူ၏ချစ်သူ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်တို့နှစ်ဦးသည် ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်သည့် ခရစ္စမတ်နေ့အထိမ်းအမှတ်အဖြစ် နှင်းလူသားရုပ်တုကို အတူပြုလုပ်ကာ ခရစ္စမတ်နေ့ကို ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

တေလာဆွစ်နှင့် ကဲလ်ဗင်တို့နှစ်ဦးသည် အဆိုပါနှင်းလူသားရုပ်တုကို တေလာ၏မိသားစုနှင့်အတူ လည်ပတ်ခဲ့ကြသည့် အားလပ်ရက်ခရီးစဉ်အတွင်း တေလာ၏မောင်ဖြစ်သူ အော်စတင်နှင့်အတူပြုလုပ်ခဲ့ကြပြီး ၎င်းတို့သုံးဦးနှင့် နှင်းလူသားရုပ်တုတို့တွဲဖက်ရိုက်ကူးထားသည့်ဓာတ်ပုံကို တေလာက သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် "Blank Space"တေးသီချင်း အဆိုတော်တေလာက နှင်းလူသားပြုလုပ်နေသည့် သူတို့ချစ်သူနှစ်ဦး၏ ပျော်ရွှင်ဖွယ်ပုံရိပ်များကိုလည်း အွန်လိုင်းမီဒီယာမှတစ်ဆင့် ဖော်ပြခဲ့သည်။ အဆိုပါ ဓာတ်ပုံများအရ တေလာတို့ရောက်ရှိနေသောနေရာသည် နှင်းများဖြင့်ဖုံးလွှမ်းနေပြီး သာယာသည့်နေရာတစ်ခုဖြစ်ကာ မည်သည့်နေရာဖြစ်ကြောင်းကိုမူ တေလာက ဖော်ပြခဲ့ခြင်းမရှိပေ။




# မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီ ဆန်းဒါးလန်းနှင့်ပွဲစဉ်တွင် ပါဝင်လာမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ အသင်းခေါင်းဆောင် ကွန်ပနီသည် ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း နည်းပြ ပယ်လီဂရီနီက အတည်ပြုပြောကြားခဲ့သည်။

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် ခြေသလုံး ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲသာ ပါဝင်ပွဲထွက်ကစားနိုင်ခဲ့သည်။ သို့ရာတွင် ကွန်ပနီပါဝင်ကစားခဲ့သည့် ပွဲစဉ်ရှစ်ပွဲတွင် ခြောက်ပွဲအထိ နိုင်ပွဲရရှိခဲ့ပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ကွန်ပနီမပါဝင်နိုင်ခဲ့သည့် ပွဲစဉ်ကိုးပွဲတွင် ငါးပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒဏ်ရာပြဿနာကြောင့် ကွန်ပနီမပါဝင်နိုင်ခဲ့သည့် ပွဲစဉ်များတွင် မန်စီးတီးအသင်းသည် ရဂိုး ၁၈ ဂိုးရရှိခဲ့ပြီး ဗဟိုခံစစ်မှူးများအဖြစ် အော့တမန်ဒီ၊ မန်ဂါလာနှင့် ဒီမီချီလစ်တို့ကို ဦးစားပေးကစားသမားများအဖြစ် ပွဲထွက်ကစားခဲ့ရသည်။

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် လက်စတာစီးတီးအသင်း၏ နောက်တွင် ခြောက်မှတ်ဖြတ်ကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အသင်းခေါင်းဆောင်ကွန်ပနီပါဝင်လာပါက မန်စီးတီးအသင်း၏ ရလဒ်ပိုင်းအပြောင်းအလဲတစ်ခု ဖြစ်လာမည်ဟုလည်း နည်းပြပယ်လီဂရီနီက မျှော်လင့်ထားကြောင်း သိရသည်။

(ငွေကြယ်)



# ဘာစီလိုနာရဲ့ အကောင်းဆုံးတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့ နေမာ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၏ တိုက်စစ်ပိုင်းတွင် အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်နှင့် ဘရာဇီးတိုက်စစ်မှူး နေမာတို့သည် ဘာစီလိုနာအသင်း၏ သမိုင်းတစ်လျှောက်တွင် အကောင်းဆုံးတိုက်စစ်အတွဲဖြစ်ကြောင်း ဒေးဗစ်ဗီလာက ထုတ်ဖော်ပြောကြားလိုက်သည်။

စပိန်နိုင်ငံလက်ရွေးစင်အသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဒေးဗစ်ဗီလာသည် စပိန်အသင်းအတွက် ဂိုးသွင်းဘုရင်အဖြစ် ရပ်တည်နိုင်ခဲ့ပြီး လက်ရှိဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာကိုင်တွယ်ခဲ့သည့် ၂၀၁၁ ခုနှစ်တွင် စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ကမ္ဘာ့ကလပ်အသင်းများဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူးများဖြစ်ကြသည့် မက်ဆီ၊ ဆွာရက်ဇ်နှင့် နေမာတို့မှာ ၂၀၁၅ ခုနှစ်အတွင်းက နည်းပြဟင်နရီကေးလက်ထက်တွင် တစ်နှစ်တည်းဆုဖလားသုံးလုံးရယူပေးနိုင်ခဲ့သည့်အပြင် ယခုဘောလုံးရာသီတွင်လည်း အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်း၏ သမိုင်းကြောင်းတစ်လျှောက်တွင် အကောင်းဆုံးတိုက်စစ်အတွဲဖြစ်ကြောင်း ဒေးဗစ်ဗီလာက ပြောကြားခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)

## မန်ယူ-ချယ်လ်ဆီး၊ လက်စတာ-မန်စီးတီးအသုံနဲ့
## ပရီမီယာလိဂ်ရင်ခုန်သံ - ၁၉

*ပရီမီယာလိဂ်ပွဲစဉ် (၁၉)ကိုလာမယ့် ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀၊ ၃၁ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ Boxing Day ပွဲစဉ်နဲ့ နီးကပ်နေတာကြောင့် အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူနဲ့ ချယ်လ်ဆီးဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းလာမှာသေချာနေပါတယ်။*

ရှိုင်းမင်းမင်း




**နောဝှစ်ချ်-ဗီလာ ည ၉း၁၅(၂၈-၁၂-၁၅)**

နောဝှစ်ချ်ခြေစွမ်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ မန်ယူကိုအဝေးကွင်းပွဲစဉ်မှာ အနိုင်ရခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးလေးပွဲမှာ အရှုံးတစ်ပွဲသာရှိတယ်။ ဒီလိုပွဲမျိုးမှာလည်း တန်းမဆင်းရဖို့ နောဝှစ်ချ်အမှားခံမှာမဟုတ်ပါဘူး။ ဗီလာရဲ့ခြေစွမ်းကလည်း အမှားအယွင်းတွေများနေတာကြောင့် နောဝှစ်ချ်အနိုင်ရဖို့ သေချာပါတယ်။

**ဝက်စ်ဘရွန်း-နယူးကာဆယ် ည ၉း၃၀(၂၈-၁၂-၁၅)**

နယူးကာဆယ်ရဲ့ အခုနောက်ပိုင်းရုန်းအားက ကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဗီလာနဲ့သရေကျခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးသုံးပွဲဆက် မရှုံးခဲ့ပါဘူး။ ဝက်စ်ဘရွန်းကတော့ အခုနောက်ပိုင်း ကစားပုံအနည်းငယ်ကျဆင်းနေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကွင်း ဖြစ်နေတာကိုတော့သတိပြုရမယ်။ သရေပွဲပါ။

**အဲဗာတန်-စတုတ် ည ၉း၃၀(၂၈-၁၂-၁၅)**

အဲဗာတန်က ရလဒ်တွေဆက်တိုက်ဆိုးရွားနေပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားပုံကတော့ကောင်းနေဆဲဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ စတုတ်ကတော့ ခြေစွမ်းတည်ငြိမ်မှုအားနည်းနေပါတယ်။ အဲဗာတန် အိမ်ကွင်းမှာကပ်နိုင်သွားမှာပါ။

**ပဲလေ့စ်-ဆွမ်ဆီး ည ၉း၃၀(၂၈-၁၂-၁၅)**

ပဲလေ့စ်ခြေစွမ်းတောက်လျှောက်တည်ငြိမ်လာပါတယ်။ စတုတ်ကိုနိုင်ခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးလေးပွဲမှာ အရှုံးမရှိ သုံးပွဲအနိုင်ရခဲ့ပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်တာကြောင့် ပဲလေ့စ်တို့ အားစိုက်ကစားဦးမှာပါ။ ဆွမ်ဆီးက အသင်းလိုက်ခြေတက်လာပေမယ့် ထိုးစစ်ပိုင်းအားနည်းနေပါတယ်။ ပဲလေ့စ်ပဲကပ်နိုင်မယ်။

**ဝက်ဖို့ဒ်-စပါး ည ၉း၃၀(၂၈-၁၂-၁၅)**

ဆောက်သမ်တန်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ စပါးရဲ့ကစားပုံက ကောင်းမွန်ခဲ့ပါတယ်။ ဟယ်ရီကိန်း၊ လာမယ်လာ၊ အဲရစ်ဆင်တို့ခြေစွမ်းပြနေလို့ ထိုးဖောက်အားလည်း ကောင်းမွန်နေပါတယ်။ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းကလည်း မဆိုးပါဘူး။ အိမ်ကွင်းလည်းဖြစ်နေတယ်။ စပါးအနိုင်ရဖို့ရှိနေပေမယ့် ဂိုးတော့မပြတ်ဘူး။

**အာဆင်နယ်-ဘုန်းမောက် နံနက် ဝ၀း၀၀ (၂၉-၁၂-၁၅)**

အခုနောက်ပိုင်းမှာ ဘုန်းမောက်ရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိတယ်လို့ဆိုပါတယ်။ ဝက်စ်ဘရွန်းကို အနိုင်ရခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးသုံးပွဲဆက်အနိုင်ရခဲ့သလို ငါးပွဲဆက်တိုက်အရှုံးမရှိခဲ့ပါဘူး။ ဒါပေမယ့် အီမရိတ်မှာတော့ အာဆင်နယ်ကိုတုံ့ပြန်ဖို့ခက်ခဲပါလိမ့်မယ်။ အာဆင်နယ်ကပ်ပြီးအနိုင်ရမှာပါ။

**မန်ယူ-ချယ်လ်ဆီး နံနက် ဝ၀း၀၀(၂၉-၁၂-၁၅)**

ပွဲကြီးတစ်ပွဲပါ။ မန်ယူဟာလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းနေတယ်ဆိုပေမယ့် ဒီအိမ်ကွင်းပွဲမှာ အားစိုက်လာပါလိမ့်မယ်။ ချယ်လ်ဆီးကလည်း မော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပြီးတဲ့နောက်မှာ ကစားပုံပြန်လည်ကောင်းမွန်လာလို့ မန်ယူရဲ့အိမ်ကွင်းအားကို တုံ့ပြန်နိုင်မှာပါ။ သရေကျသွားဖို့များပါတယ်။

**ဝက်စ်ဟမ်း-ဆောက်သမ်တန် နံနက် ဝ၀း၀၀(၂၉-၁၂-၁၅)**

စပါးကိုရှုံးနိမ့်ခဲ့ပေမယ့် အဲဒီပွဲစဉ်မှာ ဆောက်သမ်တန်ရဲ့ ကစားပုံမဆိုးပါဘူး။ ဒုတိယပိုင်းမှာ စပါးကို အကောင်းဆုံးဖိကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ရလဒ်တွေတောက်လျှောက်ဆိုးနေလို့ အားစိုက်ကစားလာမှာလည်း သေချာနေတယ်။ ဝက်စ်ဟမ်းကွင်းဖြစ်ပေမယ့် ဆောက်သမ်တန်သရေလောက်ရမှာပါ။

**လက်စတာ-မန်စီးတီး နံနက် ၂း၁၅(၃၀-၁၂-၁၅)**

လက်ရှိအချိန်မှာ လက်စတာရဲ့ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ပွဲစဉ်(၁၈)မှာ လီဗာပူးနဲ့ကစားပြီး ဒီပွဲကိုဆက်ရင်ဆိုင်မှာဖြစ်လို့ လက်စတာရဲ့ လူအင်အားအရ ပွဲပိုပန်းနေနိုင်ပါတယ်။ မန်စီးတီးကတော့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့အတွက် နိုင်ပွဲရအောင်အထူးအားစိုက်ကစားမှာပါ။ မန်စီးတီးပဲနိုင်ရမယ်။

**ဆန်းဒါးလန်း-လီဗာပူး နံနက် ၂း၁၅ (၃၁-၁၂-၁၅)**

လီဗာပူးက လက်စတာနဲ့ကစားပြီး ဒီပွဲကိုဆက်တိုက်နီးပါးကစားရမှာပါ။ အခုချိန်မှာလည်း လီဗာပူးရဲ့ခြေစွမ်းက ထင်သလောက်တည်ငြိမ်မှုမရှိပါဘူး။ ဒါပေမယ့် လီဗာပူးက အမှတ်လိုအပ်နေသလို ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းအတော်လေး အားနည်းနေပါတယ်။ လီဗာပူးပဲနိုင်ပွဲရမှာပါ။

## သမီးရည်းစားစုံတွဲများအား ခြိမ်းခြောက်လုယက်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီခန့်တွင် ခိုးမှု၊ လုယက်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် လှိုင်သာယာမြို့နယ်အတွင်း စုံစမ်းဆောင်ရွက်စဉ် လုယက်မှုများကျူးလွန်ထားကြောင်း မသင်္ကာသတင်းရရှိထားသော လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် တိုင်းကျော်(ခ)မိုးထိ (၁၈)နှစ်၊ ကျော်ဇေယျ(ခ)ရွှေငါး (၁၈)နှစ်၊ နေလင်းထိုက်(ခ)ကုလားကြီး(၁၈)နှစ်နှင့် ရဲဝင်းအောင်(ခ)အငယ်ကောင်(၁၈)နှစ်တို့ လေးဦးအား လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် ဒဂုံရွှေမျှားလမ်းပေါ်တွင် ဓားဦးချွန်နှစ်ချောင်း၊ သံုးမြောင့်စကေဘာ တစ်ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။



ထိုသို့ဖမ်းဆီးရမိစဉ် ၎င်းတို့ထံမှ HUAWEI G-610 နှင့် Honor လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသဖြင့် စစ်မေးရာ ၎င်းတို့လေးဦးသည် ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီခန့်က လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန်လမ်းပေါ်တွင် ထိုင်နေသော သမီးရည်းစားစုံတွဲနှစ်တွဲအား စကေဘာ၊ ဓားဦးချွန်များဖြင့် ခြိမ်းခြောက်လုယူခဲ့သောဖုန်းများဖြစ်ကြောင်း သိရသည်။

အခြားခိုးမှု၊ လုယက်မှုများကျူးလွန်ထားခြင်းရှိ မရှိ ၎င်းတို့အား ဆက်လက်စစ်ဆေးရာ ၎င်းတို့လေးဦးသည် ကျော်မင်းစိုး(ခ) အရှည်ကြီး (စုံစမ်းဆဲ)၊ ဘဂျမ်း(စုံစမ်းဆဲ)တို့နှင့်အတူ နိုဝင်ဘာလအတွင်းက ညအချိန်များတွင် လှိုင်သာယာမြို့နယ်အတွင်း၌ သမီးရည်းစားစုံတွဲသုံးတွဲထံမှ SONY အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးကိုလည်းကောင်း၊ ဒီဇင်ဘာလအတွင်းက ညအချိန်များတွင် လှိုင်သာယာမြို့နယ်အတွင်း၌ သမီးရည်းစားစုံတွဲနှစ်တွဲထံမှ HUAWEI G-730 အမျိုးအစား လက်ကိုင်ဖုန်းနှင့် SAMSUNG GALAXY Note 3 အမျိုးအစားလက်ကိုင်ဖုန်းတို့ကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) အားကစားကွင်းရှေ့လမ်းမပေါ်တွင် ထိုင်နေသော သမီးရည်းစားစုံတွဲထံမှ ရွှေဆွဲကြိုး၊ နားကပ်၊ လက်စွပ်နှင့် HONOR အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း စကေဘာ၊ ဓားဦးချွန်များဖြင့် ခြိမ်းခြောက်ကာ လုယက်ယူဆောင်ခဲ့ကြပြီး ရောင်းချထားကြောင်း ထပ်မံသိရှိရသည်။

ဖြစ်စဉ်များနှင့် ပတ်သက်၍ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့အား လှိုင်သာယာမြို့မရဲစခန်းက အမှုများဖွင့်လှစ်အရေးယူကာ ကျော်မင်းစိုး(ခ) အရှည်ကြီးနှင့် ဘဂျမ်းတို့အား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## အချုပ်ခန်းအတွင်းမှထွက်ပြေးသူအား ပြန်လည်ဖမ်းဆီးရမိ

**ပဲခူး ဒီဇင်ဘာ ၂၄**

ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲစခန်းတွင် ယမန်ယူအမှုဖွင့်စစ်ဆေးဆောင်ရွက်နေသော အချုပ်ကျနေသူ ဇင်ကို(ခ)ဂျိုကာ(၁၉)နှစ်နှင့် မျိုးမင်းအောင်(၂၂)နှစ်တို့သည် ဘုရားကြီးနယ်မြေရဲစခန်း အချုပ်ခန်းအတွင်းမှ ဒီဇင်ဘာ ၂၀ ရက်က ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထိုသို့အချုပ်ကျနေသူများ ထွက်ပြေးလွတ်မြောက်သွားမှုနှင့်ပတ်သက်၍ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဇော်မင်းနှင့်အဖွဲ့သည် ညတွင်းချင်း ဘုရားကြီးနယ်မြေရဲစခန်းသို့ ရောက်ရှိစစ်ဆေးကာ အဖွဲ့လေးဖွဲ့ခွဲပြီး ထွက်ပြေးလွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေး ရှာဖွေစုံစမ်းခြင်း၊ ဆက်စပ်နယ်မြေရဲစခန်းများသို့ ချိတ်ဆက်သတင်းပို့ဆောင်ရွက်ခြင်းများပြုလုပ်ကာ ၎င်းတို့နှစ်ဦး ထွက်ပြေးနိုင်သည့်နေရာများတွင် ကင်းပုန်းဝပ်စောင့်ဆိုင်းခြင်း၊ ပဲခူးမြို့နယ်အပိုင်ရဲစခန်းများအလိုက် ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်နေစဉ် ဒီဇင်ဘာ၂၃ ရက် မွန်းလွဲ ၂ နာရီခန့် ပဲခူးမြို့နယ် အင်းတကော်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်တင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ပဲခူးမြို့ဘက်မှ မောင်းနှင်လာသောမော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ရန်ကုန်-ညောင်လေးပင်ပြေးဆွဲသည့် ငမိုးရိပ်ယာဉ်လိုင်း ခရီးသည်တင်ယာဉ်ပေါ်မှ ထွက်ပြေးလွတ်မြောက်သွားသူ အချုပ်ကျနေသူနှစ်ဦးအနက် ဇင်ကို(ခ)ဂျိုကာ (၁၉)နှစ်အား ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**

## မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအား ကော့စမွေခရိုင်တရားရုံးက သေဒဏ်ချမှတ်

**ကော့စမွေ ဒီဇင်ဘာ ၂၄**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း(ခိုတောင်ကျွန်း)တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့ သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏ အမှုတွဲအား ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေခရိုင်တရား ရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့အပါ အဝင် ပုဒ်မခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ကြောင်း ဗန်ကောက်မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီ အဖွဲ့မှ သိရသည်။

အဆိုပါ လိပ်ကျွန်းလူသတ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစွပ်စွဲခံရသူ မြန်မာအလုပ်သမားနှစ်ဦး၏ ဖြစ်စဉ်အား စုံစမ်းစစ်ဆေးစဉ်ကာလနှင့် တရားရင်ဆိုင်စဉ်ကာလအတွင်း ထိုင်းနိုင်ငံဥပဒေအရ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန်နှင့် အပြစ်မရှိကြောင်း သက်သေပြနိုင်စေရန်အတွက် မြန်မာသံရုံးနှင့် ထိုင်းနိုင်ငံရှိ မြန်မာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ကော့စမွေခရိုင်တရားရုံးတော်မှ အစွပ်စွဲခံရသူမြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သော ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့အား အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီ (၃) မှ တာဝန်ခံဦးထူးချစ်က “မြန်မာနိုင်ငံသားနှစ်ဦးအတွက် ထိုင်းနိုင်ငံဥပဒေနဲ့အညီ အယူခံခွင့်အဆင့်ဆင့်ကို ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာအစိုးရအနေနဲ့ ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အယူခံကိုတော့ ကျွန်တော်တို့သံရုံးအဖွဲ့က တစ်ခုပြီးတစ်ခု ဝင်သွားမှာပါ။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးကလည်း ထိုင်းနိုင်ငံရှိ မြန်မာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဖမ်းဆီးခံ၊ အပြစ်ပေးအရေးယူခံထားရတဲ့ မြန်မာနိုင်ငံသားနှစ်ဦးလွတ်မြောက်ဖို့၊ အယူခံဝင်နိုင်ဖို့အတွက် အခွင့်အလမ်း နှစ်ကြိမ်ရှိပါသေးတယ်။ ပထမတစ်ကြိမ်အဖြစ် ခရိုင်(တိုင်း)အဆင့်ကို ဒီနေ့က စပြီး တစ်လအတွင်း တင်ရမှာဖြစ်ပါတယ်။ ဗဟိုအဆင့်ကိုတော့ ခရိုင်အဆင့်အယူခံတင်တဲ့အပေါ် ဆုံးဖြတ်ချက်ကိုကြည့်ပြီး တင်မှာဖြစ်ပါတယ်။ ဒီလိပ်ကျွန်းလူသတ်မှု သေဒဏ်အပြစ်ပေးခံရမှုဟာ ဖမ်းဆီးခံထားရတဲ့ မြန်မာနိုင်ငံသားနှစ်ဦးထဲရဲ့ ကိစ္စမဟုတ်ပါဘူး။ ထိုင်းနိုင်ငံထဲမှာ လာရောက်လုပ်ကိုင်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တရားဥပဒေအရ ထိထိရောက်ရောက် မျှမျှတတ အကာအကွယ်ပေးရေးကိစ္စဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဒီဇင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက အစွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအတွက် အမိန့်ချမှတ်ရာ တရားရုံးတော်၌ သေဆုံးသူနှစ်ဦး၏ မိဘများ၊ အင်္ဂလန်သံရုံးမှ တာဝန်ရှိသူများ၊ အစွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏မိဘများ၊ ဗန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့နှင့် နိုင်ငံတကာ မီဒီယာအများအပြား တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(စိုးဝင်း-MLA)**



**နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီက ကုန်တင်ယာဉ်တစ်စီး လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိသည်ကို တွေ့ရစဉ်။**

(ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ဖြူးမြို့ ထန်းတပင်(၂)လမ်းနေ ကုန်တင်ယာဉ်မောင်း ကျော်ကျော်လွင်(၂၃)နှစ် သေဆုံးသွားကြောင်း သိရသည်။)

**ကိုကိုရှူပ(နေပြည်တော်)**


# Happy 32 th Anniversary
# Ko & Phyu

ချစ်ဖေဖေ ‘ကို’ နှင့် ချစ်မေမေ ‘ဖြူ’ တို့ရဲ့ ၂၅-၁၂-၂၀၁၅(ခရစ္စမတ်နေ့)တွင် ကျရောက်သော (၃၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်ရတုပေါင်းများစွာတိုင် ရွှေရောင်လွှမ်းသောနေ့ရက်တိုင်းကို ပိုင်ဆိုင်နိုင်ပါစေ---

**ချစ်သောတစ်ဦးတည်းသောသား**
**ဖိုးသား**

— — — — — — — — — — —

ကျေးဇူးရှင် ဦးနှင့် မာမေးတို့၏ ၂၅-၁၂-၂၀၁၅ရက်တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည် နောင်ရတု အဆက်ဆက်တိုင် ပိုမိုခိုင်မြဲသော မေတ္တာများဖြင့် အေးချမ်းသာယာပြည့်စုံသောနေ့ရက်တိုင်းကို ထာဝရပိုင်ဆိုင်နိုင်ပါစေ-

**ချစ်သောတူ/တူမများ**
**သားသား-စုစု၊ အောင်သက်ဦး-မီးမီး၊**
**ငြိမ်းချမ်း-ရည်မွန်၊ မွှေးမွှေး**
**ဂျဲဂျဲ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောသေးအယ် [၁၄/အစန(နိုင်) ၀၁၃၇၇၅]၏ ဒုတိယတန်း စက်ခန်းအုပ် လက်မှတ် အမှတ် စမဒ-၅၉/၂၀၀၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၁-၈၀၁၁၀၁၂**

### စက်ချုပ်သမားအလိုရှိသည်

စင်တီမီတာနည်းဖြင့် အမျိုးသမီးဝတ်အင်္ကျီများ ချုပ်နိုင်သော အမျိုးသမီးဝန်ထမ်း အလိုရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၄၅၀၀၀၈၆၈၇၊ ၀၉-၉၇၇၂၇၈၅၈၁

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၇၁၈၂၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(အင်းစိန်)**

## မီးသတိပြု




### ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်၊ နံနက်၉နာရီတွင် ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ မိုးကောင်းဘုရားဝင်း အရိယာမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်ပါသည်။

အသက် (၇၅)နှစ် နှင့်အထက် အဘိုးအဘွားများသက်ကြီးပူဇော်ပွဲနှင့် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာဂုဏ်ထူးနှင့်အောင်မြင်သူတို့ကို ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သက်ကြီးဘိုးဘွားများနှင့် ဂုဏ်ထူးရကျောင်းသား/သူအမည်စာရင်းများကို ဒေါ်ယုဇော် ၀၉-၅၀၁၃၆၁၇၊ ဦးစိုးမြင့် ၀၉-၄၃၀၆၇၆၂၁၊ ဦးဌေးဝင်း ၀၉-၅၀၆ ၄၇၆၉၊ ဦးဇေယျာဝင်း ၀၉- ၅၀၆၁၀၉၃တို့ထံသို့ ၃-၁-၂၀၁၆ရက် နောက်ဆုံးထားပေးပို့ပါရန်နှင့် အသင်းဝင်မိသားစုများ၊ မြို့နယ်သူ၊ မြို့နယ်သားများအား တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**
**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်အစားအစာများဖြင့် ဧည့်ခံပါမည်။**

# ကျေးလက်ဒေသများရှိတောင်သူများ နွားစာရိက္ခာအတွက်ကြိုတင်ပြင်ဆင်

**ငါ့သရောက် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ မြေယာစိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများသည် နွေရာသီအချိန်၌ မိမိတို့မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များ ရိက္ခာဖူလုံစွာ ကျွေးမွေးနိုင်ရေးအတွက် နွားစာရိက္ခာများဖြစ်သည့် မြေပဲရိုးများနှင့် ပြောင်းရိုးခြောက်များကို လေလွင့်ဆုံးရှုံးမှုမရှိစေရန် သိုလှောင်သိမ်းဆည်းနေရကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီအချိန်ဆိုရင် အညာကျေးလက်ဒေသတွေက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူတိုင်း မြေပဲလုပ်ငန်းသိမ်းဆည်းပြီးတာနဲ့ မိမိတို့မွေးမြူထားတဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် နွေရာသီအချိန် နွားစာရိက္ခာဖူလုံစွာ ကျွေးမွေးနိုင်အောင် မြေပဲရိုးနဲ့ နွားစာအဖြစ် စိုက်ပျိုးထားရှိတဲ့ ပြောင်းစိုက်ခင်းတွေ သိုလှောင်သိမ်းဆည်းနေရတဲ့အချိန်ပါ။

တောင်သူတွေအတွက် နွားစာအဖြစ် မြေပဲရိုးကတော့ အလွန်အသုံးဝင်ပါတယ် မြေပဲရိုးက နွေရာသီနွားစာရှားပါးတဲ့အချိန်ကျရင် မြက်ခြောက်၊ ပြောင်းရိုးခြောက်တွေနဲ့ ရောစပ်ပြီးကျွေးရင် နွားတွေက အရမ်းစားတာပါ။

ဒါကြောင့် မြေပဲရိုးတွေ လေလွင့်ဆုံးရှုံးမှုမရှိရအောင် အခုလိုပဲ သိမ်းဆည်းနေရတာပါ။ ပြီးတော့ ပြောင်းစိုက်ခင်းတွေကလည်း သိမ်းဆည်းလို့ရနေပြီဆိုတော့ နေ့စားပြောင်းရိတ်အငှားလိုက်တဲ့ အမျိုးသမီးတွေကို ငှားရမ်းပြီး နွေရာသီအချိန် နွားစာရိက္ခာဖူလုံအောင်ကျွေးနိုင်ရေး သိုလှောင်သိမ်းဆည်းနေရတာပါ" ဟု ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလ ဖူဆယ်ဘောလုံးပြိုင်ပွဲ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ကျင်းပ



**ကျွန်းလှ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလတွင် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ရွှေကျွန်းမြေအားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပျဉ်းမမြိုင်ရပ်ကွက်အသင်းနှင့် တိုးတက်ညီနောင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ပျဉ်းမမြိုင်အသင်းက ၁၃ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိ၍ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပသည်။

ယင်းနောက် ဘီလိယက်နှင့် စနူကာ၊ စစ်တုရင်ပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ချင်းပြည်နယ် ဟားခါးခရိုင် စုပေါင်းရုံးဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၄**

ချင်းပြည်နယ် ဟားခါးခရိုင်စုပေါင်းရုံး မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါရုံးဝင်း၌ ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စုပေါင်းရုံး မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညောဘာသထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပင့်သံဃာတော်ငါးပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညောဘာသထံမှ ရေစက်ချအမျှပေးဝေကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ မြေသန့်ပန္နက်တင်ပေးကြပြီး သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ဟားခါးမြို့ ကျုံးကျုံးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ တည်ဆောက်မည့်မြေနေရာသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများပြန်လည်ရွေးချယ်မည်

**မြင်းခြံ ဒီဇင်ဘာ ၂၄**

မြင်းခြံခရိုင် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထား၍ ပြန်လည်ရွေးချယ်ကြရမည်ဖြစ်ကြောင်း မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ပြောသည်။

မြင်းခြံခရိုင် လေးမြို့နယ်ဖြစ်သော မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာနှင့် ငါန်းဇွန်တွင် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ၄၀၀ ခန့် ရွေးချယ်ကြရမည်ဖြစ်သည်။ ယခုအခါ မြို့ပေါ်ရပ်ကွက်များတွင် ကြီးကြပ်ရေးမှူးများက အမည်စာရင်းရွေး၍ ၁၀ အိမ်ထောင်စုများ ပြင်ဆင်ဖွဲ့စည်းနေပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးနယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရှစ်ဦးနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုရှိရာ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး ၇၂ နေရာအတွက် ကျေးရွာ ၁၈၅ ရွာတွင် ၁၀ အိမ်ထောင်စုများ ပြင်ဆင်စုဖွဲ့နေကြသည်။

**ဧးမြင့်မောင်**

ရှုသုံးကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးလုပ်ငန်းတွင်
အောက်ဖော်ပြပါ ဝရောရကျဝန်ထမ်း (လပိုင်း) များ အမြန်အလိုရှိသည်။

| | | | |
|---|---|---|---|
| ၁။ | Sales & Drive (ရောင်း/မောင်း) | (ကျား) | ၅ဦး |
| ၂။ | Sales Girl | (မ) | ၁၀ဦး |
| ၃။ | Supervisor | (ကျား) | ၄ဦး |

အမှတ် ၅၂၊ ရွှေ၊ ၅၃လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၃၃၀၃၈၇၊ ၀၉ ၅၁၃၃၁၀၄

ပုလဲ (နည်းပညာတကွသိုက် မှုမှုလုပ်သော)
ကျောင်းဆရာ/ဝ ရာထူးဖြင့်
လုပ်ကိုင်လိုသူများအတွက်
Ph: 09 43057605, 09 784805259
09 420040902, 09 420040903

Royal Material Co.,Ltd.
နိုင်ငံတကာ အရည်အသွေးမီအိမ်တွင်းအလှဆင်ပစ္စည်းများ
အရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း
ကမ္ဘာကျော် Dow Corning ကုမ္ပဏီမှ ကုန်ကြမ်းများဖြင့်
ထုတ်လုပ်ထားသော -
Neutral-X
Silicone Sealant



■ အက်ဆစ်ပါဝင်မှုမရှိသောကြောင့် အနံ့ဆိုး၊ အနံ့ပြင်း လုံးဝမရှိခြင်း။
သတ္တုများပေါ်၌သုံးစွဲရာတွင် တိုက်စားမှုမရှိခြင်း။
■ 300ml အပြည့်အဝပါဝင်သဖြင့် သုံးစွဲသူများအတွက် တွက်ချေကိုက်ခြင်း။
အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုဝါလမ်းအနီး)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09 79700 6070, 09 731 260 52, 09 5102423။
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com
ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
နယ်ကိုယ်စားလှယ် ယူလိုသူများ တိုက်ရိုက်ဆက်သွယ်စုံစမ်းပါရန်။
ISO9001:2000Certified
ISO14001:2004Certified

အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး



TMR-007525(0614)
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အမြှုကွက်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
မြန်မာ့ဆေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂ ၅၉၀၀၃၄

## တစ်ချက်တည်းကျင်းဝင်ခြင်း

ကိုသန်းဝင်းသည် ကစားဖော်များဖြစ်သော ကိုသန့်ဇင်(ဝေဠု)၊ ကိုသီဟ၊ ကိုဇော်လေး၊ ကိုသန့်ဇင်တို့နှင့်အတူ ၂၀-၁၂-၂၀၁၅ရက် မြို့တော်ဂေါက်ကွင်း (Y.C.D.C မြကန်သာကွင်း)တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၈)သို့ (၁၅၄)ကိုက်အကွာမှ Titleist no.1ဘောလုံးအား HONMA BERES IRON (8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

**ကစားဖော်များ**

# စွန်းလွန်းကျောင်းထိပ် ရေကာတာ ပြုပြင်ရန်လိုအပ်



**မြင်းမူ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ကမ်းနားလမ်း စွန်းလွန်းကျောင်းထိပ်ရှိ ရေကာတာ ဖျာတစ်ချပ်စာ အပေါက်ကြီးဖြစ်နေရာ အချိန်မီပြုပြင်ရန်လိုအပ်ကြောင်း ဒေသခံများကပြောသည်။

ယင်းနေရာ၌ ရပ်ကွက်ထဲမှ အမှိုက်သရိုက်မျိုးစုံအပြင် ထမင်းသိုး၊ ဟင်းသိုးများလည်း လာရောက်သွန်နေ၍ ကွက်တွင်းများပေါ်များကာ ရောဂါရမည်ကိုစိုးရိမ်ရကြောင်း၊ ရေကာတာပျက်စီးခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများ ကြုံတွေ့နိုင်သဖြင့် တာဝန်ရှိသူများမှ အချိန်မီပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေကာတာပေါ် အမှိုက်မပစ်ရန် ကြပ်ကြပ်မတ်မတ်တားမြစ်သင့်ကြောင်း ဒေသခံများက ပြောသည်။

"ကျွန်တော်တို့စည်ပင်က နေ့စဉ်မြို့ပေါ် ရပ်ကွက်တွေမှာ ခေါင်းလောင်းတီးအမှိုက်သိမ်းကား လှည့်လည်သွားရောက်ပါတယ်။ တော်တော်များများ အမှိုက်ကားအလာစောင့်တင်ကြပါတယ်။ တချို့ ဈေးသည်များက အမှိုက်ကားလာချိန်မရှိကြတော့ မြစ်ဆိပ်ရေကာတာပေါ် လွှယ်လွှယ်သွားပစ်ကြတယ်။ ဒါမဖြစ်သင့်ဘူးလေ" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။ **(ဖ၂၄)**

# ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်း၌ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**ဝက်လက် ဒီဇင်ဘာ ၂၄**

ဒေသထွက်ကုန်များကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်း၌ ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့သင်တန်းသား သင်တန်းသူ ၄၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာနှစ်ဦးက ဝက်လက်မြို့နယ် ဒေသထွက်ကုန်များဖြစ်သည့် ခရမ်းချဉ်သီး၊ ဖရုံသီး၊ ဆီးသီးအစရှိသော သစ်သီးဝလံများကို အသုံးပြု၍ သစ်သီးယိုစုံထုတ်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် တစ်ဦးတစ်ယောက်တည်းသာမက မိသားစုများနှင့် ဆွေမျိုးသားချင်းများပါ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ပြောသည်။ **နန်းမြင့်(ဝက်လက်)**

# စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲ ဖရူဆိုမြို့၌ပြုလုပ်

**ဖရူဆို ဒီဇင်ဘာ ၂၄**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မီးသတ်တပ်ဖွဲ့မှ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဖရူဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တတ်ရောက်ခဲ့ကြပြီး ဖရူဆိုမြို့နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ခံအရာရှိ ဦးဝေလင်းကျော်က မီးဘေးအန္တရာယ်၊ မီးလောင်မှုအခြေခံသဘောတရားနှင့် မီးငြှိမ်းသတ်နည်းစနစ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးပွဲများကို ပြည်နယ်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဖရူဆိုမြို့နယ်အတွင်းရှိ အခြားသော အခြေခံပညာကျောင်းများတွင်လည်း ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဦးကျော်(ဖရူဆို)**

# နယ်လှည့်လှုပ်ရှားမှု အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ကမမောင်း ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စာသင်ကျောင်းများသို့ ဒီဇင်ဘာ ၂၁ နှင့် ၂၂ ရက်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သွားရောက်၍ လူကုန်ကူးမှုအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများ ပြသခဲ့ပြီး စာစောင်နှင့် ဓာတ်ပုံပါအကြောင်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသော်တာလင်းသန့်က ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ဒို့ကျေးရွာဂျာနယ်နှင့် စာပေရေချမ်းစင်၊ စာအုပ်ငယ်များကို ကျောင်းအုပ်ဆရာ၊ ဆရာမထံ ပေးအပ်လှူဒါန်းခဲ့သည်။ **ကမမောင်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံဒီဂရီကောလိပ်တွင် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံဒီဂရီကောလိပ်ရှိ ဟောခန်းမတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ (English Language Skills Competition) ကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက စတင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြင်းခြံဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီး ဒေါက်တာကိုကိုမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Eassy၊ Impromptu Talk နှင့် Round_table Discussion ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းနောက် မွန်းလွဲ ၁ နာရီခွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများမှ ထူးချွန်သူများကို ဆုများ ချီးမြှင့်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ပါမောက္ခ(ဌာနမှူး) များ၊ ဆရာ၊ ဆရာမများက ပေးအပ်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**ကားမျိုးစုံငှားနိုင်ပါသည်။**
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လမ်းကြောင်းများလည်း ငှားနိုင်ပါသည်။ ယည်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
MT&K Tours Ph:01-656573
09-31065335, 09-975599880

**ကား မျိုးစုံ**
(Alphard/Crown/MarkII/
Hiace
Ph:09795549249, 095418126

**AJ Mobile**
**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ကျား | -၃ ဦး |
| မ | -၃ဦး |
| Marketing | -ကျား/မ(၄)ဦး |

ယုဇနပလာဇာ၊ အနောက်ဘက်၊ ဂန္ဓမာ ၆လမ်း၊ တိုက် ၁၀၊ အခန်း ၅
Ph:09-421066174/ 09-420725018/ 01-1223624

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုနိုင်နိုင်ဝင်း CDC 78413 ၏ DSD No.02123314 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၇၀၃၀၆၄

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၁၁)၊ မြေကွက်တည်နေရာအမှတ် (၅၁၁)၊ အင်းဝ(၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးကြီးမောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်(ဦးကြီးမောင်) မိခင်(ဒေါ်ကြင်အူ)တို့ ကွယ်လွန် သဖြင့် ဒေါ်ခင်လှလှ[၁၂/ဥကတ(နိုင်)၀၅၂၇၄၇]၊ ဒေါ်အေးအေးသိန်း[၁၂/ဥကတ(နိုင်)၀၅၂၇၀၇] တို့က သမီးအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြပြီး ၁၉၉၉ခုနှစ်တွင် ဦးကြီးမောင် ကူးယူခဲ့သော အရောင်းမြေပုံမှာ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်(၆၈၃)၊ ပေ(၄၀×၆၀)ရှိ ဦးတင်ဦး (N/OKA-024187) အမည်ပေါက်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား အဆင့်ဆင့်စာချုပ်စာတမ်းများဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဦး[၁၂/စခန(နိုင်)၀၁၈၈၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မှို့မှို့သက်ထား LL.B, D.B.L, B.D.S(MOFA)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၈၅၅)**
**အမှတ်-၂၉(ဘီ)၊ ၁၆၅လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၀၁၁၆၃၈၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ကံဘဲ့၊ မြေကွက်အမှတ်-၁၂/ခ၊ ဧရိယာ (၀.၄၁၆) ဧက (Kတံနီကိုဒီရာပုလဲ)အမည်ပေါက်(B)မြေအား ရန်ကင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၇/၂၀၁၅ (တရားလို ဦးမောင်တူးနှင့် တရားပြိုင် ဦးကြည်)အမှုတွင် တရားလိုက တရားပြိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကံဘဲ့သစ္စာလမ်းမကြီး၊ အမှတ်(၃၂၄)၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၄၊ ကံဘဲ့၊ မြေကွက်အမှတ်(၁၂/ခ)၊ အကျယ်အဝန်း ပေ(၃၀×၄၂)ဟုခေါ်တွင်သည့် မြေနှင့် ထိုမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်[(အရပ်အခေါ်)အဆိုပါမြေကွက် အရှေ့ဘက်တွင် သစ္စာလမ်းမကြီး၊ အနောက်ဘက်တွင် အမှတ်(၄၄၂)၊ ဦးသက်နိုင်၊ ဒေါ်ဘေဘီတို့၏မြေနှင့် အိမ်တောင်ဘက်တွင် အမှတ် (၂၁၈)၊ ဒေါ်ညွန့်စိန်၏မြေနှင့်အိမ်၊ မြောက်ဘက်တွင် အမှတ်(၂၀၅)၊ ဦးခင်ထွန်း(ခ)ဦးမဆလာတို့၏ မြေနှင့်အိမ်]ကို တရားပြိုင် ဦးကြည်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၈-၇-၂၀၁၅)ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့်ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်- ၁၄/၂၀၁၅တွင် ချမှတ်သည့် ၂၈-၈-၂၀၁၅ရက်စွဲပါအမိန့်နှင့် ၁၃-၁-၂၀၁၅ရက်စွဲပါ အမိန့်တို့အရ တရားရုံးကိုယ်စား ရန်ကင်းမြို့နယ်တရားရုံး ဘီလစ်ဒေါ်အေးမို့မို့ကျော်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၅၆၉၊ မြေကွက်တည်နေရာအမှတ်-၅၆၉၊ ကေ့သောင်းလမ်း၊ ဒဂုံ/တောင်၊ ဦးအဲမ်ဘူနိန်း(AB-၀၇၃၆၁၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအဲမ်ဘူနိန်း၏ဇနီးဖြစ်သူ ဒေါ်စံသိန်း[၁၂/ဗတထ(နိုင်)၀၁၁၀၃၂]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ(၂-၁၀-၁၅)၊ ထောက်ခံကျမ်းကျိန်လွှာများ (၂၂-၉-၁၅)၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန် ကြေညာချက်**
ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြလေးနွယ်(၂)လမ်း၊ အမှတ်(၁၈၆)၊ RCC (၅)ထပ်တိုက်၏ ၄လွှာ/အေ (ခေါင်းရင်းခန်း)(တိုက်ဘက်သို့ မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)(ကန်ထရိုက်ပိုင်တိုက်ခန်း)၊ ဧရိယာ(၁၁½×၄၇)ပေ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဇေယျာအောင်[၁၂/သဃက(နိုင်)၁၆၁၁၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၂၃-၁၀-၂၀၁၅ ရက်စွဲပါ အခန်းပျောက် အရောင်းအဝယ်စရန်ပေးစာချုပ်ချုပ်ဆို၍ ငွေပေးချေဝယ်ယူခဲ့ပြီး ၄လွှာ အခင်းလောင်းပြီးသည့်နေ့တွင် ပေးသွင်းရမည့်ငွေနှင့် အမိုးမိုးပေးသည့်နေ့ ပေးသွင်းရမည့်ငွေတချို့တစ်ဝက်အား ပေးသွင်းထားပြီးဖြစ်၍ တိုက်ခန်းတန်ဖိုး၏ (၅)ပုံ(၄)ပုံပေးသွင်းထားပြီးဖြစ်သည့်အတွက် အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏ မိတ်ဆွေ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှဒါန်း၊ စွန့်လွှတ်၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းစိုး(LL.B) (စဉ်-၂၅၁၂၉)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၉၃)၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂**

**အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း**
အိမ်အမှတ်(၁၉၄)၊ ငါးတောင်၊ အင်ကြင်းလမ်းနေ အမိ ဒေါ်ခင်ထွေးဖြူ [၁၂/ဗဟန(နိုင်)၀၃၀၀၇၈]တို့၏ သားကြီးဖြစ်သူ မောင်ဝေလင်းအောင်[၁၂/ဗဟန(နိုင်)၀၇၈၂၃၁] သည် မိဘကို စိတ်ဆင်းရဲအောင်ပြုမူသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
**ဒေါ်ခင်ထွေးဖြူ**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ နီလာလမ်း၊ အိမ်အမှတ်(၄၄)နေ VISVALN GAM (ခ) ဦးကျော်ဘီလူး-KAMALA(ခ)ဒေါ်ကြည်တို့၏ သားဖြစ်သူ VASU(ခ)ဝါဇူး(ခ)ကာလဲ(ခ)မိုက်ကယ်[၁၄/ဖပန(ပြု)၀၀၀၄၄၆]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် မိသားစု၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူနေ၍ ဤကြော်ငြာပါသည့်ရက်မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးကျော်ဘီလူး[၁၄/ဖပန(ပြု)၀၀၀၁၇၅]**
